မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မြန်မာနိုင်ငံ၏ ပထမဆုံးအဖြစ် အသွင်ဆန်းပြားသော မြန်မာ့အနုပညာ ကနုတ်ဒီဇိုင်းနှင့် Electronic Music ကို ပေါင်းစပ်ပုံဖော်ဖန်တီးထားသည့် စတိတ်စင်ကို Yangon New Year Countdown ပွဲကြီးတွင် အသုံးပြုမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ၏ ပထမဆုံးအဖြစ် မြန်မာ့အနုပညာ ကနုတ်ဒီဇိုင်းနှင့် Electronic Music ကို ပေါင်းစပ် ပုံဖော်ဖန်တီးထားသည့် စတိတ်စင်ကို Yangon New Year Countdown ပွဲကြီးတွင် အသုံးပြုသွားမည်ဟု စတိတ်စင်ကို ပုံဖော်ဖန်တီးသည့် Stage Design by Art of Nature မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

Yangon New Year Countdown ပွဲကြီး ဒီဇင်ဘာ ၃၀ မှ ၃၁ ရက်အထိ ရန်ကုန်မြို့ရှိ Thuwanabumi Event Park ၌ ကျင်းပမည်ဖြစ်ကာ ပွဲတွင်အသုံးပြုမည့် အဆိုပါစတိတ်စင်သည် Electronic Music နှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာအငွေ့အသက်တို့ ပေါင်းစပ်မှုတို့ကို

စာမျက်နှာ ၃ ကော်လံ ၁ ✳

မြန်မာ့ထောပတ်သီးကို ပို့ဆောင်မှုစရိတ်သက်သာသောနည်းဖြင့် ထုတ်ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းနေ

ရန်ကုန် ဒီဇင်ဘာ ၂၉

အရည်အသွေးကောင်းမွန်သော ထောပတ်သီးများကို စိုက်ပျိုးထုတ်လုပ်၍ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ အိန္ဒိယနိုင်ငံ ထောပတ်သီးကုမ္ပဏီတစ်ခုမှ မြန်မာ့ထောပတ်သီးကို ဝယ်ယူရန်ကမ်းလှမ်းထားပြီး ဈေးကွက်ဖွံ့ဖြိုးမှုတွင် သယ်ယူပို့ဆောင်စရိတ်သက်သာစေမည့် ရေလမ်းခရီးမှ တင်ပို့နိုင်မှုဖြင့် ထုတ်ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ ကြိုးပမ်းလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆

ယနေ့ *ဖတ် စ ရာ*

ဒေသတစ်ခုတည်းအတွက်သာမက တစ်နိုင်ငံလုံးကို ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးမယ့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း

ဆောင်းပါး စာ ၁၀

ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ် လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြည်တွင်းသတင်း စာ ၅

အနာဂတ်ကိုမျှော်ကြည့်ရင်း ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

နိုင်ငံတကာသတင်း စာ ၁၃

မြန်မာ့သဘာဝ ဘူမိအလှပန်းချီ ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ဆီ (၁)

ဆောင်းပါး စာ ၁၆

လူတိုင်းပျော်ရွှင်ကျန်းမာကြံ့ခိုင်ရေး နေ့စဉ်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ပေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်သည့် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအဖြစ် နံနက်စောစော စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပခြင်း၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ကြခြင်း အစီအစဉ်များမှာ ယခုရက်သတ္တပတ်တွင် နောက်ဆုံးအဖြစ် ကျင်းပကြမည်ဖြစ်သည်။ မိုးလေကင်းစင်၍ ရာသီဥတုအေးမြသည့် ဒီဇင်ဘာလကို လူထုအားကစားလှုပ်ရှားမှုလအဖြစ် သတ်မှတ်ပြီး တစ်နှစ်လုံးတွင် တစ်လ၊ တစ်လထဲတွင် တစ်ပတ်မှတစ်ကြိမ်မျှသာ လမ်းလျှောက်ကြခြင်း၊ လေ့ကျင့်ခန်းများ ပြုလုပ်ကြခြင်းက ပြည်သူလူထုကို နှိုးဆော်တိုက်တွန်းခြင်းမျှသာဖြစ်သည်။

ကိုယ်လက်လှုပ်ရှားအားကစားကို လူတိုင်းက ပုံမှန်အလေ့အကျင့်၊ စွဲစွဲမြဲမြဲဆောင်ရွက်သည့် ဓလေ့ထုံးစံတစ်ရပ်အဖြစ် ဆောင်ရွက်လာကြစေရန် ဒီဇင်ဘာလမှအစပြု၍ တစ်နှစ်ပတ်လုံး ဆက်လက်ပြုလုပ်သွားကြရန်လိုသည်။ အသက်အရွယ်အလိုက်၊ ဝါသနာတူရာအလိုက်၊ နီးစပ်ရာအုပ်စုအလိုက် အဖွဲ့များ၊ ကလပ်များဖွဲ့စည်းကာ ပုံမှန်စုပေါင်းလေ့ကျင့်ကစားကြခြင်းဖြင့် ကိုယ်ရော စိတ်ပါ ကျန်းမာပျော်ရွှင်မှုကို ရေရှည်ရရှိနိုင်ကြသည့်အပြင် သွေးတိုး၊ ဆီးချိုသွေးချို၊ နှလုံးသွေးကြောကျဉ်း၊ အဝလွန်၊ လေဖြတ် စသည်တို့ကဲ့သို့သော မကူးစက်နိုင်သောရောဂါများကို ကာကွယ်နိုင်ခြင်း၊ ဖြစ်လာပါကလည်း ရောဂါပြင်းထန်မှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးထူးများကိုလည်း ရရှိနိုင်သည်။ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းသည် ဒီဇင်ဘာလတစ်လတည်း တစ်ပတ်လျှင် တစ်ကြိမ်မျှပြုလုပ်ပြီး ပြီးဆုံးသွားရမည်မဟုတ်ဘဲ တစ်နှစ်တာလုံး အစီအစဉ်ရေးဆွဲ၍ စနစ်တကျပြုလုပ်သွားကြရန်လိုသည်။ ရောဂါကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း လုပ်ငန်းများတွင် ဆေးဝါးမပါ၊ အကုန်အကျသက်သာပြီး မိမိကိုယ်တိုင်ဆောင်ရွက်နိုင်သောလုပ်ငန်းမှာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဖြစ်သည်ဟု ဆိုထားရာ လွယ်ကူသလောက်အကျိုးကျေးဇူးကြီးသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို လူတိုင်းပြုလုပ်ကြရန် တိုက်တွန်းလိုသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းကို ငယ်စဉ်ကလေးဘဝကစ၍ ပြုစုပျိုးထောင်ရန်လိုအပ်သည့်အလျောက် ကျောင်းများတွင် နေ့စဉ်အချိန်ပေး၍ ပုံမှန်ပြုလုပ်သွားရန်လိုသည်။ ရောဂါအခံရှိသူများ၊ အသက်ကြီးသူများလည်း သင့်လျော်သည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို ဆောင်ရွက်နိုင်သည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဆောင်ရွက်ရာတွင် လေ့ကျင့်ခန်းအမျိုးအစား၊ ပြင်းထန်မှု၊ အချိန်ကြာမြင့်မှုနှင့် အကြိမ်တို့ပေါ်တွင်မူတည်၍ အကျိုးကျေးဇူးရရှိမှုကွာခြားနိုင်သည်ဟု သိရသည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများတွင် သက်လုံကောင်းမှုနှင့်ဆိုင်သော လေ့ကျင့်ခန်းများသည် ကိုယ်ခန္ဓာကို သက်လုံကောင်းစေသည့်အပြင် နာတာရှည်ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။ ကြွက်သားအင်အားသန်မာမှုနှင့်ဆိုင်သော လေ့ကျင့်ခန်းများသည် ကြွက်သားများကြီးထွားသန်မာအားကောင်းစေသည့်အပြင် အဝလွန်ရောဂါ၊ ဆီးချိုရောဂါတို့ တားဆီးကာကွယ်ကုသမှုကို အထောက်အကူပြုသည်။ ခန္ဓာကိုယ်ဟန်ချက်ထိန်းမှုနှင့်ဆိုင်သော လေ့ကျင့်ခန်းများသည် ခန္ဓာကိုယ်ဟန်ချက်ပျက်၍ လဲကျခြင်းနှင့် မတော်တဆထိခိုက်ဒဏ်ရာရမှုများကို ကာကွယ်နိုင်သည်။ ခန္ဓာကိုယ်ပျော့ပျောင်းမှုနှင့်ဆိုင်သော လေ့ကျင့်ခန်းများကလည်း ထိခိုက်ဒဏ်ရာရမှု၊ လဲကျမှုတို့ကို ကာကွယ်ပေးနိုင်သည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ၏ အတိုင်းအတာအနေဖြင့် မိမိတို့အသက်အရွယ်အလိုက် သင့်လျော်သလို ချိန်ဆပြုလုပ်ကြရန်လိုသည်။ သက်ကြီးရွယ်အိုများနှင့် သွေးချို၊ ဆီးချို၊ နှလုံးရောဂါရှိသူများ ဆရာဝန်နှင့် ပြသအကြံဉာဏ်ယူ၍ ဆောင်ရွက်နိုင်သည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း စတင်သင့်သည့်နေ့သည် ယနေ့ပင်ဖြစ်၍ ယနေ့တွင်ပင် စတင်ကြရန်နှင့် တစ်နိုင်တစ်ပိုင် ကြိုးစားဆောင်ရွက်ကြကာ လူတိုင်း ကျန်းမာပျော်ရွှင်သောဘဝကို ရရှိနိုင်ကြပါစေကြောင်း။ ။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

သတိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်(ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂.၁.၂၀၂၄ ရက်နေ့နှင့် အခမ်းအနားကျင်းပပြုလုပ်မည့် ၄.၁.၂၀၂၄ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက် (၀၂၀၀) အချိန်မှ (၀၈၀၀) အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရောဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း) များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၂-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၃၂	၂၅၁၄
95 Ron	၂၅၃၃	၂၆၁၈
HSD (500 ppm)	၂၃၂၃	၂၃၉၉
HSD (50 ppm)	၂၃၆၄	၂၄၄၁
HSD (10 ppm)	၂၃၇၀	၂၄၄၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မိမိတို့ ယနေ့ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက် လူငယ်များအတွက် တည်ငြိမ်သည့်အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ဖော်ဆောင်နေခြင်း မဟုတ်ပေ။

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၃-၃-၂၀၂၁) ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်]

ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ - ကျော်ဆွေမိုး

အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ပြန်လည်သုံးသပ်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ပြန်လည်သုံးသပ်ရေးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ ပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ကို ပကတိအခြေအနေများနှင့် ကိုက်ညီစေရေးအတွက် ပြန်လည်သုံးသပ်ဆောင်ရွက်ရန်၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့် လတ်တလော အကျိုးဖြစ်ထွန်းရရှိနိုင်မည့် ဦးစားပေးနယ်ပယ်များကို အလေးထားဆောင်ရွက်ရန်နှင့် ယင်းသို့ ဆောင်ရွက်ရာတွင် လက်ရှိ ပို့ကုန်တင်ပို့နိုင်သည့် အခြေအနေများကို သုံးသပ်ပြီး လက်တွေ့ကျကျ အချိန်တိုအတွင်း အောင်မြင်မှုရရှိနိုင်မည့် ကိစ္စရပ်များအတွက် နှစ်စဉ်၊ ကာလတို၊ ကာလရှည် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များရေးဆွဲ၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်ပြီး ဘက်ပေါင်းစုံမှ အားလုံးပေါင်းစည်း ဆောင်ရွက်နိုင်မည့်မဟာဗျူဟာ (Integrated Strategy) တစ်ရပ် ဖြစ်ပေါ်ရေးအတွက် သုံးသပ်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာသူများက အမျိုးသားပို့ကုန် မဟာဗျူဟာနှင့်ဆက်စပ်သည့်ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေး တင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

* ရှေ့ဖုံးမှ

တွေ့မြင်ခံစားနိုင်စေရန် ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ကနုတ်ပါ။ ကနုတ်ကိုမှ အများကြီးရှိတယ်။ ထိုင်းနိုင်ငံမှာလည်း ရှိတယ်။ တရုတ်မှာလည်းရှိတယ်။ နိုင်ငံတိုင်းရဲ့ရိုးရာမှာ ဒီလိုဒီဇိုင်းကတော့ ရှိကြတယ်။ ဒါပေမယ့် ကျွန်မတို့ယူထားတာ မြန်မာ့ကနုတ်လက်ရာနဲ့ပါ။ ဒါက မြန်မာ့ယဉ်ကျေးမှုနဲ့ပေါင်းစပ်ထားတာ အများသိအောင်ဖြန့်ချင်တဲ့သဘောပါ" ဟု အဆိုပါ တာဝန်ရှိသူက ဆိုသည်။

Yangon New Year Countdown ပွဲတွင် ပြည်တွင်းနှင့် ပြည်ပမှ ဂီတပညာရှင်များက ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"အများစုလာမှာက လူငယ်တွေဖြစ်တယ်။ သာမန်ဆိုရင်တော့ စိတ်မဝင်စားဘူး။ ကနုတ်တွေဘာတွေကျ ဒီဟာနဲ့ပေါင်းပြီးပြလိုက်တဲ့အခါကျတော့ ဒါက ဒီလိုပါလားဆိုပြီး လူငယ်တွေသတိထားသွားမယ်။ နောက်ပြီး အဓိကက မြန်မာ့ယဉ်ကျေးမှု အနုပညာကိုပြချင်တဲ့သဘောပေါ့။ တော်ရုံလူတွေအနေနဲ့ကတော့ ဒီနှစ်ခုကို တွဲပြီးမြင်နိုင်ဖို့က ခက်ခဲတယ်လေ" ဟု အဆိုပါ တာဝန်ရှိသူက ဆိုသည်။

သစ်တော်

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

သန်လျင် ဒီဇင်ဘာ ၂၉

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းရေးရာဌာန ဌာနမှူးက မောင်မယ်သစ်လွင်များအား တက္ကသိုလ်စည်းကမ်းနှင့် တက္ကသိုလ်ပညာသင်ယူနေစဉ် လိုက်နာမှတ်သားရမည့်အချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား / စီမံဌာနမှူးများ၊ ဌာနတာဝန်ခံများ၊ မော်ကွန်းထိန်း၊ လက်ထောက်မော်ကွန်းထိန်း၊ စာကြည့်တိုက်မှ တာဝန်ရှိသူများ၊ စီမံ/ဘဏ္ဍာ၊ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများ ပထမနှစ်သင်ကြားသည့် ဆရာ ဆရာမများနှင့် တစ်ဦးချင်း မိတ်ဆက်ခဲ့ကြပြီး တက္ကသိုလ်ဝင်ခွင့်ရ အမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးနှင့် သင်တန်းနှစ် အသီးသီးမှ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူကိုးဦးအား ဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မောင်သစ်လွင် (Mister UCMT) နှင့် မယ်သစ်လွင် (Miss UCMT)များ ရွေးချယ်ပြီး စလွယ်၊ စတားနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် ဖျော်ဖြေရေးအဖွဲ့များမှ အဆို၊ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်ကြသည်။

သတင်းစဉ်

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံ ထုတ် Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းဆောင်ရွက်မည့် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် လိုအပ်သည်များနှင့်ပတ်သက်၍ ကြိုတင်မျှော်တွေးစီစဉ်ဆောင်ရွက်ထားကြရန်လို

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်(၉) နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာဒေသများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအပါအဝင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက် / ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်သော်လည်း အချို့မြို့နယ်များ၌ဖွဲ့စည်းရန် အနည်းငယ်ကျန်ရှိနေသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းဆောင်ရွက်၍ ကော်မတီအဆင့်ဆင့်က အချင်းချင်း ညှိနှိုင်းပေါင်းစပ်ကာ လုပ်ငန်းများ လျာထားချက်အတိုင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းပုံစံနှင့်ပတ်သက်၍ မေးခွန်း ၆၈ ခုပါဝင်သည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် မေးခွန်း ၁၈ ခုပါဝင်သည့် အဖွဲ့အစည်းမေးခွန်းပုံစံများကို စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမေးမြန်းကောက်ယူခဲ့ပြီး ဖြစ်ပါကြောင်း။

ရာနှုန်းပြည့်ကောက်ယူနိုင်

စမ်းသပ်သန်းခေါင်စာရင်းကို ရွေးချယ်သတ်မှတ်ထားသည့် မြို့နယ် ၂၀ မှ စာရင်းကောက်ကွက် ၁၀၀ ၌ Mobile Tablet များဖြင့် မိမိတို့ဌာနဝန်ထမ်းများက သက်ဆိုင်ရာသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းက ကောက်ယူခဲ့ရာ ရာနှုန်းပြည့်အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများ အနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ဆောင်ရွက်မည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် လိုအပ်သည့်အုပ်ချုပ်မှုကိစ္စများ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ စာရင်းစစ် စာရင်းကောက်များ ရွေးချယ်ခန့်ထားနိုင်ရေးနှင့် သန်းခေါင်စာရင်းသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ အသုံးပြုမည့် ပစ္စည်းကိရိယာများကို သက်ဆိုင်ရာဒေသသို့ အချိန်မီပေးပို့နိုင်ရေး၊ ပြည်သူလူထုအသိပညာပေးရေး စသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ကြိုတင်မျှော်တွေး စီစဉ်ဆောင်ရွက်ထားကြရန်လိုအပ်ပါကြောင်း၊ ယခုပြည်လုံးကျွတ် သန်းခေါင်စာရင်းကို နိုင်ငံတကာ အကူအညီမပါရှိဘဲ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် မိမိတို့ပြည်တွင်းအင်အားဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် ရရှိလာမည့်သန်းခေါင်စာရင်း အချက်အလက်များကို မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် လူဦးရေစာရင်းများနှင့် နှိုင်းယှဉ်တိုက်ဆိုင်ကာ ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် အထောက်အကူဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေအရ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများ၊ တွေ့ကြုံနိုင်သည့်အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းသုံးသပ်ဆွေးနွေးပေးကြရန်နှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် တတ်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အတွင်းရေးမှူး (၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အတွင်းရေးမှူး(၂) ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က သန်းခေါင်စာရင်း အချက်အလက်များ လုံခြုံမှုရှိစေရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များက သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအောင်မြင်ရေးအတွက် ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ စာရင်းစစ်စာရင်းကောက်များဖွဲ့စည်းမှု၊ သင်တန်းများဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူ့အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးဖြည့်စွက်ရှင်းလင်း ပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

◆ ***ရွှေဖုံးမှ***

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံမှု (၇၅)နှစ် မြောက်အထိမ်းအမှတ်အား အိန္ဒိယနိုင်ငံ မြန်မာသံရုံး၌ ဒီဇင်ဘာ ၂၂/၂၃ ရက်နေ့က ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲမျိုးစုံနှင့်ထောပတ်သီးတို့ကို ထိုနေ့တွင် မိတ်ဆက်ပြသခဲ့ပြီး အရည်အသွေးကောင်းမွန်သော ဟပ်စ် (Hass) အမျိုးအစား ထောပတ်သီးကို နှစ်ခြိုက်ကြ၍ ဈေးကွက်ကမ်းလှမ်းခဲ့သည်။ ပို့ကုန်ကဏ္ဍတွင် လေကြောင်းထက် သယ်ယူပို့ဆောင်မှုစရိတ်သက်သာစေသည့် ရေလမ်းကြောင်းမှ ပို့ဆောင်မှုနှင့်အတူ တောင်ကြီးတွင် အအေးခန်းစက်ရုံများ တည်ဆောက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးနှင့် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

ဈေးကွက်အောင်မြင်မှုရရှိ

တရုတ်နိုင်ငံသို့ ဖရဲ၊ သခွား၊ သရက်သီးကဲ့သို့ တရားဝင်ပို့ကုန်အဖြစ် ထောပတ်သီးကိုလည်း G to G ပူးပေါင်းဆောင်ရွက်မှုဖြင့် တင်ပို့နိုင်ရန် နှစ်နိုင်ငံအကျိုးအတွက် ကြိုးပမ်းလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားမှ ထောပတ်သီးကိုင်းဆက်မျိုး ခြောက်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ မြန်မာ့ရေမြေနှင့် ကိုက်ညီ၍ အောင်မြင်မှုရရှိခဲ့ပြီး ကိုင်းဆက်မျိုးခြောက်မျိုးတွင် ဟပ်စ်(Hass)အမျိုးအစားကို ထောပတ်သီးဈေးကွက်၌ အောင်မြင်မှုရရှိလျက်ရှိသည်။ ဟပ်စ်ထောပတ်သီးကို ထိုင်း၊ စင်ကာပူ၊ မလေးရှားနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သော ဘာရိန်းမှ မြန်မာ့ထောပတ်သီးအရည်အသွေးကို နှစ်ခြိုက်၍ ဝယ်ယူရန်ဆွေးနွေးခဲ့ရာ ကနဦးလေကြောင်းဖြင့် ပို့ဆောင်ပြသထားပြီး ဥရောပနိုင်ငံအချို့ကလည်း မြန်မာ့ထောပတ်သီးကို စိတ်ဝင်စားလျက်ရှိသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (တောင်ကြီး) အနေဖြင့် ထောပတ်စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့်ပူးပေါင်း၍ ပြည်ပသို့ပို့ကုန်တင်ပို့နိုင်ရန် ဈေးကွက်ဖော်ဆောင်မှုအဖြစ် အောက်တိုဘာလက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းကုန်စည်ပြပွဲ၌ မြန်မာ့ထောပတ်သီးကို မိတ်ဆက်ပြသခဲ့ရာ ဈေးကွက်ချိတ်ဆက်မှု အခွင့်အလမ်းများရရှိခဲ့ပြီး ဝယ်လိုအားဘက်မှ မြန်မာ့ထောပတ်သီးကို နှစ်ခြိုက်သည့်အတွက် ဝယ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထောပတ်သီးရာသီဖြစ်သော နိုဝင်ဘာလမှ ဇန်နဝါရီလတွင် မြန်မာ့ထောပတ်သီးလှိုင်လှိုင်ထွက်ပေါ်လေ့ရှိပြီး ထိုင်းနိုင်ငံသို့ တန်ချိန် ၅၀၀၀ ခန့်တင်ပို့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဒေသထွက်ထောပတ်သီးနှင့် ကိုင်းဆက်အသီးဟူ၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(နာဂဒေသ)တို့၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အများဆုံး ပြည်ပသို့တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဒေသထွက်ထောပတ်သီးတန်ချိန် ၄၀၀၀ မှ ၅၀၀၀ အထိ ထွက်ရှိ

လျက်ရှိကာ ပြည်ပဈေးကွက်ဝင်ကိုင်းဆက်ထောပတ်သီးတန်ချိန် ၁၅၀၀ မှ ၂၅၀၀ အထိ ထွက်ရှိလျက်ရှိပြီး ပြည်ပမှမျိုးယူစိုက်ပျိုးခဲ့သည့် ကနဦး ကိုင်းဆက်ထောပတ်ပင်များ အသီးများထွက်ပေါ်ခဲ့၍ ယခုနှစ်တွင် ထွက်နှုန်းကောင်းသော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် သွင်းအားစုစရိတ် ကြီးမြင့်မှုတို့ကြောင့် ပယ်သီးများခဲ့ရာ ပြည်တွင်းဈေးကွက်သို့ ယခုနှစ်ကုန်ပိုင်းတွင် ပိုမိုဝင်ရောက်လျက်ရှိသည်။

ကမ္ဘာ့ဈေးကွက်တွင် ထောပတ်သီး တစ်ကီလိုလျှင် ကန်ဒေါ်လာ ငါးဒေါ်လာအထိ အမြင့်ဆုံးရရှိလျက်ရှိပြီး မြန်မာ့ထောပတ်သီးကို ပြည်ပသို့ လေကြောင်းဖြင့် ပို့ဆောင်စရိတ်မှာ တစ်ကီလိုလျှင် သုံးဒေါ်လာရှိသည့်အတွက် ရေကြောင်းဖြင့် ပို့ဆောင်နိုင်ပါက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ကိုင်းဆက်စိုက်ပျိုးထုတ်လုပ်မှုမှ ပြည်ပ ဈေးကွက်ဝင်ထောပတ်သီး တန်ချိန် ၁၅၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၂၅၀၀ ခန့်တင်ပို့နိုင်ရန် ထောပတ်စိုက်ပျိုးထုတ်လုပ်သူများက ခန့်မှန်းထားခြင်းဖြစ်သည်။

နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်

ဥရောပထောပတ်သီးဈေးကွက်သို့ ပီရူးနိုင်ငံမှ အများဆုံးတင်ပို့လျက်ရှိရာ မြန်မာ့ထောပတ်သီးအရည်အသွေးကို ကုန်စည်ပြပွဲတစ်ခု၌ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နေသည့်နိုင်ငံတစ်ခုမှ စိတ်ဝင်တစားလေ့လာခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံတို့မှ ပြည်ပနိုင်ငံများသို့ ထောပတ်သီးများ တင်ပို့လျက်ရှိပြီး ဈေးကွက်သစ်များ ပွင့်လန်းလာလျက်ရှိသည့် မြန်မာထောပတ်သီးအား သယ်ယူပို့ဆောင်စရိတ်သက်သာစေခြင်း၊ တရားဝင်ပို့ဆောင်ခွင့်ရရှိခြင်းနှင့် ဈေးကွက်ခိုင်မာခြင်းတို့ဖြင့် နိုင်ငံတော်အတွက် အခွန်ငွေရရှိစေမည့်အပြင် စိုက်ပျိုးတောင်သူတို့အနေဖြင့် တိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှုမှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်သည်။ တစ်ချိန်တွင် မြန်မာ့ထောပတ်သီးသည် နိုင်ငံ၏ထုတ်ကုန်ဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံကဲ့သို့ ပို့ကုန်ပစ္စည်း အမယ်တစ်ခုအဖြစ် ထောပတ်သီးတစ်ခေတ် ဆန်းသစ်စေမည့် လင်းရောင်ခြည်များ ယှက်သန်းလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး

စိုက်ပျိုးနိုင်သည့် မြေများတွင် ဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင်သီးနှံများ သီးထပ်သုံးသီး အမှန်တကယ် စိုက်ပျိုးဆောင်ရွက်ကြရန်လိုအပ်

နေပြည်တော် ဒီဇင်ဘာ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ဝဲကြီးကျေးရွာနှင့် ကွေ့ကြီးကျေးရွာတို့တွင် သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် ရွှေပြည်သာကျေးရွာအုပ်စု ဝဲကြီးကျေးရွာ၌ ဝဲကြီးကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား တောင်သူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာန ဦးစီးမှူးက အသင်းသားဦးရေ ၆၄ ဦး၏ စိုက်ပျိုးမြေဧက ၂၅၀ ကျော်တွင် မိုးစပါးစိုက်ပျိုးခဲ့မှုနှင့် အထွက်နှုန်းကိန်းဂဏန်းများ၊ လက်ရှိ ပန်းပွင့်ဖြူ၊ ပန်းစိမ်း၊ ဂေါ်ဖီ၊ ငရုတ်၊ ခရမ်း၊ ပြောင်းစိုက်ပျိုးရေးလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခဲ့မှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးပြီးဖြစ်၍ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ရေသုံးစွဲသူ အစုအဖွဲ့များအား စနစ်တကျဖွဲ့စည်း၍ ရန်ပုံငွေများ ကောက်ခံဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စိုက်ပျိုးနိုင်သည့် မြေများတွင် ဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင် သီးနှံများ သီးထပ်သုံးသီး အမှန်တကယ် စိုက်ပျိုးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ စိုက်ပျိုးရေအတွက် ကုန်ကျမှုအပေါ် သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ အကျိုးအမြတ်များ ပြန်လည်ရရှိမည်ဖြစ်ပြီး ဆောင်ရွက်ခဲ့မှု ထိရောက်အကျိုးရှိမည်ဖြစ်ကြောင်း၊ မည်သည့် သီးနှံအမျိုးအစားကိုမဆို လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ မြေအမျိုးအစား၊ စိုက်ပျိုးရေ၊ စိုက်ပျိုးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်မှ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသော သီးနှံများအား တောင်သူများကိုယ်တိုင် ဈေးကွက်သို့ တိုက်ရိုက်ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးကြားပြီး အသင်းသားတောင်သူများ စိုက်ပျိုးထားသော ပြောင်း၊ ပန်းပွင့်ဖြူ၊ ပန်းစိမ်း၊ ဂေါ်ဖီစိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် ညိုပြင်ကျေးရွာအုပ်စု ကွေ့ကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာယာယီ ရှင်းလင်းဆောင်၌ ကွေ့ကြီးကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသားတောင်သူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီးဖြစ်၍ အသင်းသားတောင်သူများအနေဖြင့် လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေများ စနစ်တကျ ကောက်ခံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးနိုင်သည့် မြေများတွင် ရာသီအလိုက် သီးထပ်သုံးသီး အမှန်တကယ်စိုက်ပျိုးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကာ တစ်မိသားစုချင်းဝင်ငွေများ တိုးပွားလာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ပြောင်း၊ ပန်းပွင့်ဖြူ၊ ပန်းစိမ်း၊ ကြက်သွန်၊ ခရမ်းချဉ် သီးနှံများစိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ် တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃ ၊ ၀၁-၅၄၄၅၈၂ ၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

သတင်းအေဂျင်စီလုပ်ငန်းပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့်ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးထွန်းသန်းအောင်၏ Mekong News (မဲခေါင်သတင်း)သတင်းအေဂျင်စီသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့်အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့် အတွက် ၎င်းအားထုတ်ပေးထားသည့် Mekong News (မဲခေါင်သတင်း) သတင်းအေဂျင်စီကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှ စတင်၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသား ထုတ်လွှင့်ဖော်ပြခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁) ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁။	ဂီတစာဆို ဦးဘသိန်း(မန္တလေး) ၏ အနုပညာပုံရိပ်များ	နေခြည်တင်ဦး	ဒေါ်နွယ်နွယ်ဝင်း ဆောင်းစုရတီစာပေ
၂။	စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး	ဒေါက်တာ အောင်မြင့်ဦး	ဒေါ်ခင်ဆွေဦး ပညာရပ်ဝန်းစာပေ
၃။	နွေလယ်ညအိပ်မက်	မောင်ခ	ဦးစိုင်းနွံနွတ် The Key Collection
၄။	ရှားလော့ဟုမ်းနှင့် အပြာရောင် နတ်သွေး ပတ္တမြားကြီး	မောင်ခ	ဦးစိုင်းနွံနွတ် The Key Collection
၅။	သမုဒယသစ္စာ	ညီဆောင်းဦး	ဦးအာကာကျော် လမ်းပြကြယ်စာပေ
၆။	ဒဏ်သီးကလေး	စိုးဘားဒိုင်	ဦးအာကာကျော် လမ်းပြကြယ်စာပေ
၇။	JANUS	ခါမြေ	ဦးအာကာကျော် လမ်းပြကြယ်စာပေ

ပြန်ကြားရေးဝန်ကြီးဌာန

ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္တုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှုမှတ်တမ်းဓာတ်ပုံများနှင့် အခြားလေ့လာသင့်သည်များကို လှည့်လည်ကြည့်ရှုကြသည်။

လေ့လာကြည့်ရှု

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရှင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ရှင်းလင်းဖြေကြား

ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များကိုယ်စား ဂေါပကအဖွဲ့ဝင်တစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များသည် အလှူခံဌာန၌ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း အုံ့မခန်း ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနဝ္ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အဦများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်မောက်မြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်

နတ်မောက် ဒီဇင်ဘာ ၂၉

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်၌ နဒီလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းက ကွန်ကရစ်လမ်းခင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အရှည် ၁၁၃၈ ပေ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အရှည်ပေ ၇၇၀ နှင့် ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အရှည်ပေ ၁၂၁၀ နှုန်းဖြင့် ဘဏ္ဍာနှစ်အလိုက် ရရှိသည့် ရန်ပုံငွေပေါ်တွင်မူတည်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လမ်းခင်းရာတွင် လမ်းနှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သည့် ရေကျော် ၁၃ စင်းနှင့် ရေမြောင်း ၂၉၈၇ ပေ တို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း နဒီလမ်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော လမ်းများနှင့် အုတ်ရေမြောင်းများကို ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံမှ သိရသည်။ **လှဝင်း**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာပေဟောပြောပွဲ မကွေးတက္ကသိုလ်၌ကျင်းပ

မကွေး ဒီဇင်ဘာ ၂၉

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က မကွေးတက္ကသိုလ် ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဦးက လွတ်လပ်ရေးအပေါ် နိုင်ငံသူ နိုင်ငံသား၊ ပြည်သူပြည်သားများ ထားရမည့် စိတ်ထားနှင့်ပတ်သက်၍ စည်းကမ်းနှင့် လွတ်လပ်ခြင်း၊ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာ၊ လွတ်လပ်ခြင်းနှင့်တာဝန်၊ လွတ်လပ်ခြင်းနှင့် တရားမျှတခြင်း၊ မိမိကိုယ်ကို လေးစားခြင်းနှင့် လွတ်လပ်သောစိတ်၊ လွတ်လပ်ခြင်းနှင့်ငြိမ်းချမ်းခြင်း စသည့်ခေါင်းစဉ်ငယ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သမိုင်းဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ သီတာမြင့်က "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းအကျဉ်းချုပ်" ခေါင်းစဉ်ဖြင့် ဟောပြောပြီး (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောင်းသား ကျောင်းသူများက ကျပန်းစကားပြောပြိုင်ပွဲကို လည်းကောင်း၊ နည်းပြ၊ သရုပ်ပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် ဆရာ ဆရာမများက ကျပန်းစကားပြောပြိုင်ပွဲကိုလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ချိုချိုလွင်နှင့် ပါမောက္ခ(ဌာနမှူး) ဒေါက်တာ သီတာမြင့်တို့က ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ကို (ပြန်/ဆက်)**

လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲ ရတနာပုံတက္ကသိုလ်၌ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၉

ရတနာပုံတက္ကသိုလ်တွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူလေးများက ဓာတိမာန်သီချင်း သီဆိုပြီး အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက အမှာစကားပြောကြားသည်။

ဆက်လက်၍မြန်မာစာဌာနမှ ဒေါက်တာ ဝင်းသန်းဦး (ပါမောက္ခ) က "လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက် တို့တွင် ကျင်းပသည့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ စာပေနှင့် အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ထွေးရီ၊ ပါမောက္ခ(ဌာနမှူး) အရှေ့တိုင်းပညာဌာနတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ပထမဆုရ စာစီစာကုံးနှင့် ကဗျာစာမူများကို ဆုရကျောင်းသား ကျောင်းသူများက ပြန်လည်ဖတ်ကြားသည်။ **တင်မောင်-မန်း**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်လိုက်ရတဲ့အတွက် ဘဝမှာ ပြီးပြည့်စုံမှုရှိသွားသလို ခံစားလိုက်ရပါတယ်

ဦးငွေဝင်း (ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့ဝင်)

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ လာရောက်ဖူးမြော်ကြသည်။

အဆိုပါ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဘုရားစေတီများနှင့် သာသနိကအဆောက်အဦများကို လှည့်လည်ဖူးမြော်ကြည်ညိုလေ့လာကြပြီး ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အဦများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။

ဦးမြင့်ချို

ဦးတင်ရွှေ

ဒေါက်တာအေးကို

ဦးဝင်းမြင့်

ဦးစိန်သန်း

ဦးငွေဝင်း

ဦးမြင့်ချို (ဂေါပကအဖွဲ့ဝင်၊ တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီး)

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို နိုင်ငံတော်အကြီးအကဲများရဲ့ စီစဉ် ဆောင်ရွက်ပေးမှုနဲ့ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ရခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ မြို့နယ်များအလိုက် ဘုရားဂေါပကအဖွဲ့တွေကိုစုပြီး လာရောက်ဖူးမြော်စေခြင်းလည်း ဖြစ်ပါတယ်။ အရင်ကတော့ ရုပ်ပွားတော်မြတ်ကြီးကို သတင်းစာနဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေကနေပဲ ဖူးမြော်ခဲ့ရတာပါ။ အခုမျက်မြင်ကိုယ်တွေ့ဖူးမြော်ရတဲ့အပေါ်မှာ ပြောမပြတတ်အောင်ရင်ထဲဝမ်းသာကြည်နူးမိပါတယ်။ အဆောက်အဦတွေဆိုတာလည်း ကြီးကျယ်ခမ်းနားလွန်းလှပါတယ်။ ကိုယ့်မြန်မာနိုင်ငံအတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နောက်ပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားတဲ့ ဗိသုကာလက်ရာဟန်ပန်တွေကို အတုယူပြီး ကိုယ့်မြို့မှာရှိတဲ့ ဘုရားတွေကို ပြန်လည်ပြုပြင်မွမ်းမံမှုဆောင်ရွက်ရာမှာ အသုံးပြုဖို့ လေ့လာခွင့်လည်း ရခဲ့ပါတယ်။ ဒါကြောင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်က ဓမ္မမိတ်ဆွေတွေအနေနဲ့ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်လိုပါတယ်။

ဦးတင်ရွှေ (ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ဆုတောင်းပြည့်နန္ဒဝန်စေတီတော်၊ တာမွေမြို့နယ်)

အခုလို ဂေါပကအဖွဲ့ဝင်တွေစုစည်းပြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ရတဲ့အတွက် အင်မတန်မှဝမ်းသာမိပါတယ်။ အရင်ကတော့ ဘုရားကြီးကို ဖူးမြော်ဖို့ ကြိုးစားခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မရောက်ခဲ့ပါဘူး။ ဒါပေမယ့် သက်ဆိုင်ရာတာဝန်ရှိသူတွေက အဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်ဖို့ စီစဉ်ပေးတဲ့အတွက်လည်း ဂေါပကအဖွဲ့ဝင်တွေကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်။ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဝင်လိုက်ရင်ပဲ စိတ်ထဲမှာ အလိုလိုအေးချမ်းပြီး ကြည်နူးမှုကို စတင်ခံစားခဲ့ရပါတယ်။ ရုပ်ပွားတော်မြတ်ကြီး မျက်နှာတော် ဖူးတွေ့လိုက်ရတဲ့အချိန်မှာ စိတ်ထဲမှာ မပြောပြတတ်အောင် ဝမ်းသာမှုနဲ့ အံ့သြမှုကို တစ်ချိန်တည်း ခံစားသိရှိခဲ့ရပြန်ပါတယ်။ နောက်ပြီး အခြားစေတီတွေနဲ့ အဆောက်အဦတွေရဲ့ တည်ဆောက်ထားမှု လက်ရာများဟာလည်း ဗိသုကာအဆင့်အတန်းမြင့်မားလွန်းလှပါတယ်။ ကျွန်တော့်အတွက်ကတော့ ဘဝမှာ လူဖြစ်ရကျိုးနပ်တဲ့ အခိုက်အတန့်ပဲဖြစ်ပါတယ်။ ဒါကြောင့် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်များအနေနဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို မဖြစ်မနေ လာရောက် ဖူးမြော်ကြစေလိုပါတယ်။

ဒေါက်တာအေးကို (ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ ဥက္ကလာပစေတီတော်၊ တောင်ဥက္ကလာပမြို့နယ်)

သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ ကျွန်တော်တို့ ဂေါပကအဖွဲ့ဝင်တွေအားလုံး စိတ်အေးချမ်းသာစွာနဲ့ ဘုရားဖူးခွင့်ရရှိခဲ့ပါတယ်။ လာရောက်ဖူးမြော်မယ်လို့ အားခဲထားတဲ့ ဒီမာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို မမျှော်လင့်ပဲ အခုလို ဖူးမြော်ခွင့်ရတဲ့အတွက် ရင်ထဲမှာ အင်မတန်မှ ပီတိဖြစ်မိပါတယ်။ ပရိဝုဏ်အတွင်းမှာလည်း မမြင်ဖူး၊ မတွေ့ဖူးခဲ့တဲ့ အဆောက်အဦတွေ၊ ဗိသုကာလက်ရာတွေကို လေ့လာခွင့်လည်း ရရှိပါတယ်။ နောက်ပြီး သာသနာရေးဆိုင်ရာ အထောက်အထားတွေကိုလည်း အများကြီး တွေ့ရှိရတဲ့အတွက်လည်း ဗဟုသုတရရှိသလို ဘာသာသာသနာ ပြန့်ပွားဖို့အတွက်လည်း အထောက်အကူ များစွာရရှိမှာဖြစ်တဲ့အတွက် နှစ်ထောင်းအားရဖြစ်မိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင် အားလုံးအနေနဲ့ ဒီရုပ်ပွားတော်မြတ်ကြီးကို လာရောက် ဖူးမြော်ကြပါ။ ဒီလို ဖူးမြော်ခြင်းအားဖြင့် ရင်ထဲမှာ စိတ်အေးချမ်း ပျော်ရွှင်မှုကို ခံစားရမှာ ဖြစ်ပါတယ်။

ဦးဝင်းမြင့်(ဂေါပကအဖွဲ့ဝင်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ မရမ်းကုန်းမြို့နယ်)

ရုပ်ပွားတော်မြတ်ကြီး စတင်ဖူးမြော်ခွင့်ပြုတဲ့ အချိန်ကတည်းက လာရောက်ဖူးမြော်ချင်ခဲ့ပေမယ့် မရောက်ဖြစ်ခဲ့ပါဘူး။ အခုတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ဂေါပကအဖွဲ့တွေကို ပထမအသုတ်အနေနဲ့ ဖူးမြော်ဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အကြီးဆုံးလည်းဖြစ်တဲ့အပြင် တစ်နိုင်ငံလုံးက ကြိတ်ကြိတ်တိုး လာရောက်ဖူးမြော်နေကြတဲ့ ရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အတွက် အင်မတန်မှ စိတ်ထဲမှာ ထူးခြားလေးနက်စွာ ဖူးမြော်ကန်တော့ခဲ့ပါတယ်။ နောက်ပြီး ကျွန်တော်တို့ ကမ္ဘာအေးစေတီတော်မှာ လိုအပ်မယ့် ပြုပြင်မွမ်းမံမှုတွေအားလုံးကို ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်ထားတဲ့ ဘုရား၊ စေတီ၊ သာသနိကအဆောက်အဦတွေက တစ်ဆင့်လေ့လာ ဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ထားပါတယ်။ ထူးခြားသပ္ပာယ်လှတဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို မြန်မာတစ်နိုင်ငံလုံးမှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်တွေလာရောက်ဖူးမြော်ကြပါလို့လည်း ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်လိုပါတယ်။

ဦးစိန်သန်း(ဂေါပကအဖွဲ့ဝင်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဗိုလ်တထောင်မြို့နယ်)

ရင်ထဲမှာ အမြဲတမ်းဖူးမြော်ချင်နေခဲ့တဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို အခုလို ဖူးမြော်ကန်တော့ခွင့်ရတဲ့အတွက် ရင်ထဲမှာ အတော်လေးကျေနပ်ပြီး ကြည်နူးမိပါတယ်။ ဒီလိုဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဘုရားရင်ပြင်တော်ကနေကြည့်ရင် ကောင်းကင်ပေါ်မှာ တည်ထားတဲ့ဘုရားတစ်ဆူဖြစ်နေတဲ့အတွက် အင်မတန်မှ သပ္ပာယ်လွန်းလှပါတယ်။ ကျွန်တော့်ဘဝတစ်သက်တာမှာ ဒီလိုမျိုး တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ ပထမဆုံး ဖူးတွေ့ရခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်ခံစားမိတဲ့ ထူးခြားမှု အတွေ့အကြုံတွေကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများလည်း ခံစားစေချင်တဲ့အတွက် မဖြစ်မနေ လာရောက် ဖူးမြော်စေလိုပါတယ်။ ဒီရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာ့အံ့ဖွယ်တစ်ခုလည်း ဖြစ်ပါတယ်။

ဦးငွေဝင်း (ဂေါပကအဖွဲ့ဝင်၊ ဆူးလေစေတီတော်၊ ကျောက်တံတားမြို့နယ်)

ဒီ ရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်မယ့် ကျောက်တုံးတော်ကြီးကို စတင်တူးဖော်ပြီး ခက်ခက်ခဲခဲနဲ့ သယ်ဆောင်လာရတာကို ကြားသိကတည်းက အတော်လေးကို စိတ်ဝင်စားနေခဲ့တာပါ။ နောက်ပြီး တည်ဆောက်ပူဇော်တဲ့နေရာမှာလည်း ကမ္ဘာပေါ်မှာရှိတဲ့ အခြားစေတီတွေနဲ့ မတူဘဲ မြင့်မားတဲ့နည်းပညာတွေနဲ့ ဆောင်ရွက်တဲ့အတွက် ပိုပြီးထူးခြားပါတယ်။ ဘုရားပရိဝုဏ်အတွင်းမှာလည်း မြန်မာမှုဗိသုကာလက်ရာတွေနဲ့ အင်မတန်မှ ခံ့ညားထည်ဝါလှတာကိုလည်း လေ့လာဖူးမြော် တွေ့မြင်ရပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အခါမှာလည်း ကြည်နူးပီတိဖြစ်မိပါတယ်။ ကျွန်တော့်ဘဝတစ်လျှောက် ဒီလို ဉာဏ်တော်အမြင့်ဆုံး ရုပ်ပွားတော်ကို မဖူးမြော်ခဲ့ရပါဘူး။ ကျွန်တော် သက်ရှိထင်ရှား ရှိနေတဲ့အချိန်မှာ ဖူးမြော်ခွင့် ရတဲ့အတွက်လည်း ဝမ်းသာမိသလို ဘဝမှာ ပြီးပြည့်စုံမှုရှိသွားသလို ခံစားခဲ့ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ၊ ဗုဒ္ဓဘာသာ နိုင်ငံတွေအားလုံး ဒီရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းလိုပါတယ်။

တွေ့ဆုံမေးမြန်း - အောင်ရဲသွင်
ဓာတ်ပုံ - ကိုကိုအေး

ညောင်ဦးမြို့နယ်၌ အာဆီယံကျေးရွာ ကွန်ရက်ထူထောင်ရေး ညှိနှိုင်းဆွေးနွေး

ညောင်ဦး ဒီဇင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်း အာဆီယံကျေးရွာကွန်ရက် (ASEAN Village Network–AVN) ထူထောင်နိုင်ရန်အတွက် လိုအပ်သည်များ အကြံပြုဆွေးနွေးပွဲကို ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌရုံးခန်း၌ ဒီဇင်ဘာ ၂၈ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ကျော်က အာဆီယံကျေးရွာကွန်ရက်နှင့် ပတ်သက်၍ အမှာစကားပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က ဖြည့်စွက်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဦးညီညီဦးက အာဆီယံကျေးရွာ ကွန်ရက်အကြောင်းကို အသေးစိတ်ရှင်းလင်းတင်ပြပြီးနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အာဆီယံကျေးရွာကွန်ရက်ထူထောင်ရေးကို မြန်မာနိုင်ငံမှ ကျေးရွာသုံးရွာတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ခရီးသွားလုပ်ငန်းကျေးရွာအဖြစ် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မှ မြင်းကပါကျေးရွာ၊ ဒစ်ဂျစ်တယ်ကျေးရွာအဖြစ် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) လယ်ဝေးမြို့နယ်မှ သော်မှော်ကုန်းကျေးရွာနှင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု ကျေးရွာအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ အင်းပေါခုံကျေးရွာတို့ကို ရွေးချယ်ထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒီပါလင်း

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးလမ်းသွား ဆင်သေချောင်းတံတား(ကျောက်ချက်) ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၉

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ကောင်စီနယ်မြေ ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၃၃ မိုင် တစ်ဖာလုံရှိ အရှည်ပေ ၂၀၀၊ လေးလမ်းသွား ဆင်သေချောင်းတံတား(ကျောက်ချက်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဗိုလ်ဗိုလ်ကျော်၊ ဦးဝင်းဖေနှင့် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်တို့က ဆင်သေချောင်းတံတား (ကျောက်ချက်) ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(**အပေါ်ပုံ**)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့သည် ဆင်သေချောင်းတံတား (ကျောက်ချက်) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်ပက်ဖျန်း၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ တံတားအား ဖြတ်သန်းကြည့်ရှုသည်။

ယခင်ဆင်သေချောင်းတံတား (ကျောက်ချက်)၏ တစ်လမ်းမောင်း သံပေါင်တံတားဟောင်းသည် အသုံးပြုခဲ့သည့် နှစ်ကာလကြာမြင့်ပြီဖြစ်၍ ကြံ့ခိုင်မှု အားနည်းလာခြင်း၊ ကုန်တင်ယာဉ်ကြီးများ၏ ဝန်အားပိုမိုလာခြင်းနှင့် နှစ်လမ်းမောင်းကားလမ်းတွင် တစ်လမ်းမောင်း သံပေါင်တံတားဖြစ်နေ၍ ယာဉ်များ သွားလာမှု ကြန့်ကြာခြင်းတို့ကြောင့် ၎င်းတံတားနေရာတွင် နှစ်လမ်းမောင်း သံကူကွန်ကရစ် တံတားအား အသစ်တည်ဆောက်၍ လေးလမ်းမောင်း သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၆)က ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယနေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန် - မန္တလေး ပြည်ထောင်စု လမ်းမကြီးသည် ယာဉ်သွားလာမှု များပြားလာသဖြင့် လက်ရှိ လေးလမ်းသွားမှ ခြောက်လမ်းသွားသို့ အဆင့်မြှင့်တင်နိုင်ရေး လမ်းတာပေါင် ပေ ၉၀ အကျယ် တိုးချဲ့ခြင်း ဆောင်ရွက်ပြီးစီး၍ မိုးရာသီကာလအတွင်း လမ်းဘေးဝဲ၊ ယာဥ်သစ်ပင် သုံးတန်းစိုက်ပျိုးခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆင်သေချောင်းတံတား (ကျောက်ချက်) တံတားအဝင်၊ အထွက်နေရာနှင့် ဘောဂသီရိကားဝင်းလမ်းဆုံ (Y-Junction) နေရာသည် ကုန်တင်ယာဉ်ကြီးများနှင့် မြို့တွင်းသွားလာသည့် ယာဉ်ငယ်များ၊ အနေးယာဉ်များဆုံသည့် နေရာဖြစ်သဖြင့် တံတားအသစ်တည်ဆောက်ပြီးဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေးနှင့် ယာဉ်များသွားလာမှု စနစ်တကျဖြစ်စေရေး ယာဉ်ကြောများ ပြင်ဆင်သတ်မှတ်ရေးဆွဲပေးခြင်း၊ မီးပွိုင့်အသစ်များ တပ်ဆင်ပေးခြင်းတို့ကို မြို့တော်အင်ဂျင်နီယာနှင့်အညီ ဆောင်ရွက်ပေးထားသည့်အတွက် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ စနစ်တကျ သွားလာနိုင်ပြီဖြစ်သည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဆင်သေချောင်းတံတား (ကျောက်ချက်) ၏အောက်ဘက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ယာယီရေထိန်းတမံပြုလုပ်၍ ချောင်းရေ Level ထိန်းသိမ်းခြင်းနှင့် ချောင်းဘေးဝဲ၊ ယာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ကမ်းပါးများ သန့်ရှင်းသပ်ရပ်ရေး အစီအမံများလည်း ဆောင်ရွက်လျက်ရှိသဖြင့် ရေ Level ထိန်းသိမ်းထားခြင်းဖြင့် ရေထိန်းတမံ၏ အထက်ဘက် ဆင်သေချောင်းတစ်လျှောက် ချောင်းဘေးဝဲ၊ ယာရှိ လယ်မြေ၊ ယာမြေနှင့် အခြားစိုက်ပျိုးမြေများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိအောင် ဆောင်ရွက်ပေးလျက် ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ဒေသခံပြည်သူများအနေဖြင့် အကျိုးကျေးဇူး များစွာရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

နှစ်သစ်ကူးအတွက် ခရီးသွားလာမှုများပြားသော အထင်ကရနေရာများက ဈေးအသင့်အတင့်ရှိဟိုတယ်များတွင် အခန်းများကြိုတင်မှာယူမှုပြည့်နေ

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံရှိ ခရီးသွားလာမှုများပြားသော အထင်ကရနေရာများရှိ ဈေးအသင့်အတင့်ရှိ ဟိုတယ်များတွင် နှစ်သစ်ကူးကာလ (New Year) ခရီးသွားလိုသူများက ကြိုတင်မှာယူမှုများသည့်အတွက် အခန်းများ ပြည့်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောကြားသည်။

လက်ရှိပြည်တွင်းခရီးသွားများအနေဖြင့် ဟိုတယ်အခန်းများ ကြိုတင်မှာယူကြရာ တစ်သိန်းအောက်မှ တစ်သိန်းဝန်းကျင်အခန်းများကို မှာယူမှုများပြားနေပြီး ပုဂံ၊ ငွေဆောင်၊ ချောင်းသာဒေသများမှ ဈေးအသင့်အတင့်ရှိ ဟိုတယ်များတွင် ဟိုတယ် booking ပြည့်နေပြီဟုသိရကြောင်းလည်း ၎င်းက ဆိုသည်။

"ပုဂံ၊ ငွေဆောင် ၊ ချောင်းသာက ဈေးနှုန်းအားဖြင့် ဈေးအသင့်အတင့်ရှိတဲ့ ဟိုတယ်တွေမှာ Booking ပြည့်နေပြီ။ဈေးနှုန်းတွေအနေနဲ့ တစ်သိန်းအောက် အခန်းတွေ၊ တစ်သိန်းဝန်းကျင်အခန်းတွေမှာ New Year အတွက် ကြိုတင်ဝယ်ထားကြတာပါ။ တချို့ ဟိုတယ်တွေကျတော့လည်း ဈေးများတော့ မတတ်နိုင်ကြတာတွေရှိတော့ ညှိသည်အချို့ရှိပေမယ့် အခန်းလွတ်တွေရှိနေသေးတယ်" ဟု ဦးနောင်းနောင်းဟန်က ဆိုသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ပြည်တွင်းခရီးသွားများခဲ့ပြီး ဒေသတွင်း မတည်ငြိမ်မှုများကြောင့် နိုဝင်ဘာမှ ဒီဇင်ဘာလဆန်းပိုင်းအထိ ပြည်တွင်းခရီးကျဆင်းသွားခဲ့သော်လည်း ဒီဇင်ဘာလကုန်ပိုင်း၌ ခရီးသွားဦးရေ ပြန်လည်များပြားလာခဲ့ပြီး ယခုကဲ့သို့ ပြန်လည်များပြားလာသည့် အနေအထားအတိုင်း ဆက်လက်သွားမည်ဆိုပါက ၂၀၂၄ ခုနှစ် နှစ်သစ်ကာလတွင်လည်း ခရီးသွားဦးရေ ဆက်လက်များပြားနိုင်သည်ဟု ခန့်မှန်းရကြောင်းလည်း ၎င်းက ပြောသည်။

ထို့အပြင် ပြည်ပသို့ ခရီးသွားလာမှုအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံသို့သွားရောက်မှုများပြားနိုင်ပြီး ဖေဖော်ဝါရီလအတွင်း ဗုဒ္ဓဃာယာဘုရားဖူးခရီးစဉ်သွားလာမှုများပြားနိုင်ကြောင်း သိရသည်။ MT

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာဖတ်ဝိုင်း အင်းစိန်မြို့နယ်၌ ပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၂၉

၂၀၂၄ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြိုစာဖတ်ဝိုင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၈ ရက်က ခရိုင်ပြန်/ဆက် ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင် ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ အသင်းနာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)တို့က အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က တိုင်းပြည်လွတ်လပ်ရေးရအောင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မျိုးချစ်ပုဂ္ဂိုလ်များကို မမေ့ပျောက်သွားရေး လွတ်လပ်ရေးကြိုး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်နိုင်ငံတော်က ချမှတ်ပေးသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ် စသည့်စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဝင်များဖြစ်ကြသည့် မော်ကွန်းရှိုင်း၊ မောင်ပန်းဝေ(ညောင်တုန်း)၊ ဇော်ထူးနိုင်နှင့် ရန်မိုးအောင်(အင်းစိန်)တို့က လွတ်လပ်ရေးနှင့်ပတ်သက်သော စာပေဗဟုသုတများအကြောင်းများကို ဟောပြောဆွေးနွေးကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

အခွင့်အလမ်းများစွာရှိသော အိန္ဒိယနိုင်ငံ၏ တစ်ခုတည်းသော ပိုက်နက်အဓိကထားပြပွဲ PLEXCONNECT 2024 သို့ မြန်မာလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်ဖိတ်ခေါ်

ရန်ကုန် ဒီဇင်ဘာ ၂၉

ပြသသူပေါင်း ၅၀၀ ကျော်ပါဝင်၍ ကွန်ရက်ချိတ်ဆက်မှုနှင့် လုပ်ငန်း အခွင့်အလမ်းများ ရရှိနိုင်သည့် အိန္ဒိယနိုင်ငံ၏ တစ်ခုတည်းသော ပိုက်နက်အဓိကထားသည့် ပြပွဲ PLEXCONNECT 2024 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ တက်ရောက်ရန်ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ် (UMFCCI) မှ သိရသည်။

ပလတ်စတစ်ပို့ကုန်မြှင့်တင်ရေးကောင်စီ (PLEXCONCIL) က ကူးသန်းရောင်းဝယ်ရေးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အိန္ဒိယအစိုးရနှင့် ပူးပေါင်း၍ PLEXCONNECT 2024 ကို အိန္ဒိယနိုင်ငံ Mumbai တွင် ၂၀၂၄ ခုနှစ် ဖွန် ၇ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲမှာ အိန္ဒိယနိုင်ငံ၏ တစ်ခုတည်းသော ပိုက်နက်အဓိကထားသည့် ပြပွဲဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဝယ်ယူသူ အဝယ်တော် ၉၀၀ ကျော် ပါဝင်တက်ရောက်ပြီး Trade Visitor ပေါင်း ၂၅၀၀၀ ကျော်၊ ပါဝင်ပြသသူပေါင်း ၅၀၀ ကျော်အတွက် ကွန်ရက်ချိတ်ဆက်မှုနှင့် လုပ်ငန်းအခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း UMFCCI မှ သိရသည်။

မြန်မာနိုင်ငံမှ အရည်အသွေးပြည့်မီသော ပလတ်စတစ်ဝယ်ယူသူများအား PLEXCONNECT 2024 တွင် စီစဉ်ထားသော RBSM သို့ ဖိတ်ခေါ်လိုသည့်အပြင် ဝယ်ယူသူများကို MAI အစီအစဉ်အရ ဖိတ်ခေါ်မည်ဖြစ်ပြီး အစီအစဉ်၏ တည်ဆဲစံနှုန်းများအတိုင်း ရွေးချယ်ခံရသော အဝယ်တော်များအား လေယာဉ်၊ ဟိုတယ် (နှစ်ည) နှင့် ground hospitality ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"PLEXCONNECT 2024" သို့ ပါဝင်ပြသရန်စိတ်ပါဝင်စားသည့် UMFCCI ညီနောင်အသင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များကို Website: www.plexconcil.org/plexconnect/ နှင့် https://www.plexconcil.org/ plexconnect/buyerdetails သို့ တိုက်ရိုက်ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး Mr. Ruban Hobday, Regional Director, Email: ruban.hobday@plexconcil.org သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းစုံစမ်း၍ Registration ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

MT

ပြည်သူ့ပါတီ (People's Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅၄ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလ ၂၉ ရက်)

ပြည်သူ့ပါတီ (People's Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းမ၊ မဟာဗန္ဓုလအိမ်ရာ၊ အမှတ်(၆၂)၊ တိုက် (ဒီ)၊ (၉) လွှာ၊ အခန်း (၉၀၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ပါတီ (People's Party)** ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင် ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ပြည်သူ့ပါတီ (People's Party) ၏ မှတ်ပုံတင်အမှတ်မှာ (၄၇) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လာမည့်မတ်လတွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်အဆင့်ကျင်းပသည့် စာမေးပွဲဖြစ်ပြီး KG+12 စနစ်သစ်ပညာရေး၏ ပထမဦးဆုံး တက္ကသိုလ်ဝင်စာမေးပွဲဖြစ်၍ ညီညီညွတ်ညွတ်ဆောင်ရွက်ကြရမည်

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပညာရေးဝန်ကြီးဌာန၏ (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လာမည့် မတ်လတွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲသည် နိုင်ငံတော်အဆင့် ကျင်းပသည့် စာမေးပွဲ ဖြစ်ပြီး KG+12 စနစ်သစ်ပညာရေး၏ ပထမဦးဆုံး တက္ကသိုလ်ဝင်စာမေးပွဲဖြစ်၍ စနစ်တကျအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ ဆရာမများ၊ တာဝန်ရှိသူများအနေဖြင့် ကျရာတာဝန်များကို ညီညီညွတ်ညွတ်လက်တွဲ၍ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍနှင့် စပ်လျဉ်း၍ တက္ကသိုလ်များ၏အရည်အသွေးရှိသော ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု သုတေသနစာတမ်းများသည် နိုင်ငံအတွက် အလွန်တန်ဖိုးကြီးမားပါကြောင်း၊ သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် စဉ်ဆက်မပြတ် ကြိုးစား ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ် ပါမောက္ခချုပ်များအနေဖြင့် လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် ပညာရေးဝန်ကြီးဌာန၏ (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ညီလာခံတွင် တက္ကသိုလ်အလိုက် ပြခန်းများ ပြသဆောင်ရွက်ရာတွင် မိမိတို့တက္ကသိုလ် သမိုင်းအကျဉ်းချုပ်ဖော်ပြရန်နှင့် ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေသည့် ပညာရေးလုပ်ငန်းစဉ်များကို ထိထိမိမိ ပြသဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့တက္ကသိုလ်အလိုက် စာရင်းအချက်အလက်များကို စနစ်တကျ ထိန်းသိမ်းကြရန်နှင့် အဆင့်မြင့်ပညာဦးစီးဌာနနှင့်ချိတ်ဆက်၍ သတင်းအချက်အလက် မှန်ကန်တိကျရေး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ရုံးစာများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စာစစ်ဌာနများ အဆင်ပြေချောမွေ့စွာ ဖြေဆိုဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပြခန်းများ ပြသမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး MSME အထောက်အကူပြု သုတေသနများကို အလေးထားဆောင်ရွက်ရေး တိုက်တွန်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျိုင်းတုံမြို့၌ (၄၉)ကြိမ်မြောက် အာခါအမျိုးသားနေ့ အခမ်းအနားကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၄၉) ကြိမ်မြောက် အာခါအမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီက အမှတ်(၁) ရပ်ကွက် အမေ့ရင်ခွင်ကျောင်းဝင်း၌ ကျင်းပသည်။

ဦးစွာ အမေ့ရင်ခွင်ကျောင်းတော်ဖွင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် အာခါတိုင်းရင်းသား ဦးမင်းညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

အာခါအမျိုးသားနေ့ အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကားပြောကြားပြီး အလှူငွေများ ပေးအပ်သည်။ ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က အလှူငွေများပေးအပ်ရာ အာခါတိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အာခါတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

တောင်ကြီးမြို့၌ ကော်ဖီပင်စိုက်ပျိုးပြုစုခြင်းဆိုင်ရာသင်တန်းဖွင့်

တောင်ကြီး ဒီဇင်ဘာ ၂၉

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် သစ်တောဦးစီးဌာနမှ အာရှဒေသ သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization-AFoCO)၏ ရန်ပုံငွေအထောက်အပံ့ဖြင့် "သစ်တောမှီခိုနေထိုင်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူအခြေပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုဆိုင်ရာ စံပြသစ်တော တည်ထောင်ခြင်း စီမံကိန်း (FD-AFoCO Model Forest Project)"ကို ၂၀၂၀ ပြည့်နှစ်

ဒီဇင်ဘာလမှစတင်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ (၄)နှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်း၏အဓိက ရည်မှန်းချက်ဖြစ်သော ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးစေရန်နှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေသော မြေယာစီမံအုပ်ချုပ်ခြင်းနည်းလမ်းဖြင့် စံပြသစ်တောများ တည်ထောင်နိုင်ရန် စီမံကိန်း၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ကော်ဖီပင် စိုက်ပျိုးပြုစုခြင်းဆိုင်ရာသင်တန်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ရတနာသစ်ခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

သင်တန်းဖွင့်ပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြများက သင်ခန်းစာများ ဆက်လက် ပို့ချခဲ့ကြောင်းနှင့် သစ်တောဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာနနှင့် ရှမ်းပြည်နယ်မှ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ နယ်မြေခံတာဝန်ခံများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လွယ်တန့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းလုပ်ကိုင်နေသော ဒေသခံများ စုစုပေါင်း ၄၀ တက်ရောက်ပြီး ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ် ပို့ချသွားမည်ဖြစ်ကြောင်း သိရ သည်။

စိုင်းသန်းကျော်(တောင်ကြီး)

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၉

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၆ ဒီဂရီ စင်တီဂရိတ်၊ ကျောက်မဲမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မိုး/ဇလ

ဒေသတစ်ခုတည်းအတွက်သာမက တစ်နိုင်ငံလုံးကို ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးမယ့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း

ထက်မြတ်

- နိုင်ငံတော်၏ ကောင်းကျိုးကိုလိုလားသော အစိုးရခေါင်းဆောင်များက ထိုနေရာများကို ရေနက်ဆိပ်ကမ်း သီးသန့်တည်ဆောက်ရန်အတွက်သာမကဘဲ အထူးစီးပွားရေးဇုန်များအဖြစ် အကောင်အထည်ဖော်ရန် စဉ်းစားခဲ့
- မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်တစ်ခုထူထောင်ရာတွင် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ၏အားထက် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများကို အဓိကအားထား၊ ပြည်တွင်းမှ ပညာရှင်များက ပြည်ပမှပညာရှင်များနှင့် ပူးပေါင်းခွင့်ရသောကြောင့် အတွေ့အကြုံကောင်းများကိုလည်း ရရှိနိုင်မည်

ရှေးယခင်တုန်းက မြို့တစ်မြို့တည်မည်ဆိုလျှင် မြစ်နီး၊ ချောင်းနီးသည့် နေရာကို ရှာဖွေကြလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် မြစ်နီး၊ ချောင်းနီးပါက သွားရေး၊ လာရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဆင်ပြေစေသောကြောင့် ဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် သဘာဝအရင်းအမြစ်အနေဖြင့် ကမ်းရိုးတန်းတည်ရှိပြီး စနစ်တကျအသုံးပြုတတ်သော နိုင်ငံမှန်လျှင် ချမ်းသာကြွယ်ဝစမြဲဖြစ်သည်။ မြန်မာနိုင်ငံဆိုတာ သဘာဝအရင်းအမြစ်များနှင့်ပြည့်စုံနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ပြောနိုင်သည်။ မြန်မာနိုင်ငံမြေပုံကိုကြည့်လျှင် နယ်နိမိတ်စုစုပေါင်းအနက် အရှည် ၂၂၂၈ ကီလိုမီတာမှာ ပင်လယ်နှင့်ထိစပ်နေသည့် ကမ်းရိုးတန်းများသာ ဖြစ်သည်။

ကမ်းရိုးတန်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအရေးပါသော နေရာတစ်ခုဖြစ်

ကမ်းရိုးတန်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအရေးပါသော နေရာတစ်ခုဖြစ်သောကြောင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်လေလေ နိုင်ငံ၏ စီးပွားရေး တိုးတက်လေလေဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းများရှိသည့်အလျောက် ဆိပ်ကမ်းများစွာလည်းရှိသည်။ နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန် ၈၅ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်ပေးလျက်ရှိသော အဓိကဆိပ်ကမ်းမှာ ရန်ကုန်ဆိပ်ကမ်းဖြစ်သည်။

သို့သော် ရန်ကုန်ဆိပ်ကမ်းသည် တန်ချိန် ၁၅၀၀၀၊ သင်္ဘောအလျား ၁၆၇ မီတာနှင့် ရေစူးအနက် ၉ မီတာရှိသော သင်္ဘောများကိုသာ လက်ခံနိုင်သည်။ တခြားသော ဆိပ်ကမ်းများမှာလည်း ရန်ကုန်ဆိပ်ကမ်းနည်းတူ မြစ်တွင်းဆိပ်ကမ်းများအဖြစ်သာ တည်ရှိနေသည်။

ပင်လယ်ရေကြောင်းမှ ပို့ကုန်/ သွင်းကုန်ပမာဏ အလွန်များပြား

ယနေ့ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ကြည့်လျှင် ပင်လယ်ရေကြောင်းမှ ပို့ကုန်/သွင်းကုန်ပမာဏ အလွန်များပြားလာသည်။ ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများမှာလည်း အရွယ်အစားပိုမိုကြီးမားလာကာ ရေစူးအနက်လည်း ပိုမိုများပြားလာသည်။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ယခုထက်ပိုပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်လိုပါက ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ရေနက်ဆိပ်ကမ်းများ မဖြစ်မနေလိုအပ်မည်မှာ အမှန်ပင်ဖြစ်သည်။

ဤအချက်ကို မြန်မာနိုင်ငံရှိ ခေါင်းဆောင်အစဉ်အဆက်က သဘောတူ လက်ခံသည့်အလျောက် ရေနက်ဆိပ်ကမ်းများကို အကောင်အထည်ဖော်ရန် ရည်ရွယ်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

ထိုသို့ အကောင်အထည်ဖော်နိုင်ရေးအတွက် သင့်လျော်သောနေရာကို ရှာဖွေရာ နှစ်နေရာကို တွေ့ရှိရသည်။ ယင်းနေရာများမှာ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ဒေသတို့ဖြစ်သည်။

နိုင်ငံတော်၏ကောင်းကျိုးကိုလိုလားသော အစိုးရခေါင်းဆောင်များက ထိုနေရာများကို ရေနက်ဆိပ်ကမ်း သီးသန့် တည်ဆောက်ရန်အတွက် သာမကဘဲ အထူးစီးပွားရေးဇုန်များအဖြစ် အကောင်အထည်ဖော်ရန် စဉ်းစားခဲ့သည်။

အထူးစီးပွားရေးဇုန် တစ်ခုထူထောင်ရာတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများကို အဓိကအားထား

မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန် တစ်ခုထူထောင်ရာတွင် ပြည်တွင်းမှစီးပွားရေးလုပ်ငန်းရှင်များ၏ အားထက် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများကိုအဓိကအားထားရသည်။ ပြည်တွင်းမှ ပညာရှင်များက ပြည်ပမှ ပညာရှင်များနှင့် ပူးပေါင်းခွင့်ရသောကြောင့် အတွေ့အကြုံကောင်းများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာအစိုးရက ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ထူထောင်ရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်းစွာ ဖိတ်ခေါ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအနက်မှ တရုတ်နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် CITIC အုပ်စုက စီမံကိန်းကို အကောင်အထည်ဖော်မည့် ရင်းနှီးမြှုပ်နှံသူအဖြစ် ၂၀၁၅ ခုနှစ်တွင် ရွေးချယ်ခံရသည်။

စီမံကိန်းစတင်ရန် နှစ်နှစ်ကျော် နှောင့်နှေးခဲ့

စီမံကိန်းအတွက် အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သော သဘောတူစာချုပ် (Shareholders' Section Agreement) နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) တို့ကို ၂၀၂၀ ပြည့်နှစ်တွင် ချုပ်ဆိုနိုင်ခဲ့သည်။ မူလက ထိုစာချုပ်များ ချုပ်ဆိုပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ရန်ဖြစ်သော်လည်း ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့်သာမက နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရခြင်းတို့ကြောင့် စီမံကိန်းစတင်ရန် နှစ်နှစ်ကျော် နှောင့်နှေးခဲ့ရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှာတော့ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောလျင်စွာ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေဖို့အတွက် ယခင်လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ်ကို ပိုမိုပြည့်စုံစေရန်နှင့် ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန် လိုအပ်သောကြောင့် ယင်းနှင့်ဆက်စပ်နေသည့် နောက်ဆက်တွဲစာချုပ်ကို ချုပ်ဆိုလိုက်နိုင်ပြီဖြစ်သည်။

ထို့ကြောင့် လေ့လာဆန်းစစ်မှုများပြီးစီးသည့်နောက်ပိုင်း မကြာခင်အချိန်အတွင်းမှာ ကျောက်ဖြူရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများကို စတင်နိုင်တော့မည်ဖြစ်သည်။ စီမံကိန်းစတင်ဆောင်ရွက်ပြီဆိုသည်နှင့် ထိုအကျိုးကျေးဇူးကို စတင်ရရှိမည့်သူများမှာ ဒေသခံပြည်သူများသာဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တည်ဆောက်ရေးစီမံကိန်းဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာမည်ဖြစ်သောကြောင့်ဖြစ်သည်။ စီမံကိန်းပြီးစီးသွားပြီဆိုလျှင်တော့ ထိုမှရရှိသည့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများသာမက တစ်နိုင်ငံလုံးမှာရှိသည့် ပြည်သူများအားလုံး ရရှိစံစားရမည်သာဖြစ်သည်။

အခုဆက်ပြီး ပထဝီအနေအထားအရ ကျောက်ဖြူရေနက်ဆိပ်ကမ်း တည်ရှိမှုကြောင့် ရရှိလာနိုင်သည့် အကျိုးဆက်များကို တင်ပြပါမည်။ ကမ္ဘာ့ကုန်သွယ်ရေးတွင် အသုံးပြုမှု အများဆုံးလမ်းကြောင်းမှာ ရေလမ်းကြောင်းဖြစ်သည်ဟု တင်ပြခဲ့ပြီး ဖြစ်သည်။

ကုန်တင်သင်္ဘောကြီးများဖြင့်တင်၍ ရေလမ်းကြောင်းမှ သယ်ယူခြင်းသည် ကုန်ကျစရိတ် အလွန်သက်သာ

ကုန်တင်သင်္ဘောကြီးများဖြင့် တင်၍ ရေလမ်းကြောင်းမှ သယ်ယူခြင်းသည် ကုန်ကျစရိတ် အလွန်သက်သာသည်။ လေကြောင်းလိုင်းထက်စာလျှင် ရေလမ်းကြောင်းမှသယ်ယူခြင်းက အချိန်အနည်းငယ်ပိုပေးရသော်လည်း ပစ္စည်းပမာဏအများအပြားကို တစ်ချိန်တည်းတစ်ပြိုင်တည်းပို့ဆောင်နိုင်ခြင်းကြောင့် တွက်ခြေကိုက်သည့် ပို့ဆောင်ရေးနည်းလမ်းဖြစ်သည်။

ကမ္ဘာ့မြေပုံကို ရှေ့မှာချပြီးကြည့်ပါက ကမ္ဘာ့အရှေ့ခြမ်းမှ ကမ္ဘာ့အနောက်ခြမ်းသို့ ကုန်ပစ္စည်းများ တင်ပို့မှုအတွက် အသုံးပြုနေသည့် ပင်လယ်ရေလမ်းကြောင်းများကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုလမ်းကြောင်း တစ်လျှောက်တွင် ရေနက်ဆိပ်ကမ်းကြီးများရှိသည်။

စင်ကာပူနိုင်ငံက ကမ္ဘာ့အကြီးဆုံး ရေနက်ဆိပ်ကမ်းနောက်တစ်ခု ပိုင်ဆိုင်တော့မည်

အရွယ်အစား သေးငယ်လှပါသည်ဆိုသော စင်ကာပူနိုင်ငံပင်လျှင် ရေနက်ဆိပ်ကမ်းကြီးနှစ်ခုကို ပိုင်ဆိုင်ထားသည့်အတွက် ကုန်သွယ်ရေးဗဟိုချက်လိုဖြစ်နေသည်။ မကြာမီ စင်ကာပူနိုင်ငံက ကမ္ဘာ့အကြီးဆုံး ရေနက်ဆိပ်ကမ်းနောက်တစ်ခုကို ပိုင်ဆိုင်တော့မည်ဖြစ်သည်။

တချို့သော သင်္ဘောများသည် ကုန်စည်ကူးသန်းတင်ပို့ရာတွင် မလိုအပ်ဘဲပတ်သွားနေရသည့်အတွက် စက်သုံးဆီပိုသုံးရသလို ကုန်ကျစရိတ်လည်း ပိုမိုကျသင့်နေရသည်။

အကယ်၍များ မြန်မာနိုင်ငံမှာ ရေနက်ဆိပ်ကမ်းများ တည်ဆောက်ပြီး ကုန်သွယ်ရေးဗဟိုချက်အဖြစ် ဖန်တီးနိုင်မည်ဆိုလျှင် ဘယ်လောက်တောင်ကောင်းလိမ့်မလဲဟု ကျွန်တော့်အနေဖြင့် ယခင်တုန်းက တွေးမိသည်အထိပင်ဖြစ်သည်။ အခုတော့ ကျွန်တော်တွေးထင်ထားသည့် စီမံကိန်းကြီးက အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ် ရွှေစင်ရွှေပြား ကပ်လှူပူဇော်ခြင်း ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ် ရွှေစင်ရွှေပြား(Gold Plating) ကပ်လှူပူဇော်ခြင်း ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ် ရွှေစင်ရွှေပြား (Gold Plating) ကပ်လှူပူဇော်ခြင်း ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ် ဇရီယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေကို ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရေးအတွက် လုပ်ငန်းများ အမြန်အကောင်အထည်ဖော်စတင်နိုင်ရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခင်ကပ်လှူခဲ့သည့် အတွေ့အကြုံများကို အခြေခံပြီး အားနည်းချက်၊ အားသာချက်များဖော်ထုတ်ကာ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။(**အပေါ်ယာပုံ**)

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည်က ရွှေစင်ရွှေပြား ဆက်ကပ်ပူဇော်နိုင်ရေးအတွက် ယခင်ကပ်လှူခဲ့သည့် အတွေ့အကြုံများနှင့် လိုအပ်ချက်များ၊ ယခုလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကလေးများအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး (Kaeru Caravan) အစီအစဉ်ကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မီးငြိမ်းသတ်မှု လက်တွေ့ပြသရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ မြထွန်း(မလှိုင်)

ဗိုလ်တထောင်မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

ရန်ကုန် ဒီဇင်ဘာ ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးခြင်းအသိပညာပေးလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုရှိ မြို့နယ်လေးမြို့နယ်၌ ဒီဇင်ဘာလဆန်းမှစ၍ ဆောင်ရွက်နေပြီး မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၈ ရက်တွင်လည်း ဗိုလ်တထောင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်း ပထမနေ့အဖြစ် အမှတ်(၁၀) ရပ်ကွက် အထက(၆) ကျောင်းအောင်ကျော်ခန်းမ၌ ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အမှတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရပ်ကွက်၊ ရဲရိပ်သာရပ်ကွက်တို့မှ မဲဆန္ဒရှင် ပြည်သူ ၄၁၁ ဦး တက်ရောက်ကာ လက်တွေ့စမ်းသပ်မဲပေး လေ့လာကြကြောင်းနှင့် သက်ဆိုင်ရာ ခရိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက မဲဆန္ဒရှင်များအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ခင်ဝင်း

ဒေးဒရဲမြို့နယ်၌ ဆောင်းရာသီစိုက်ပျိုးစရိတ် ကျပ်သိန်း ၇၄၀၀ ကျော် ထုတ်ချေးပြီးဖြစ်

ဒေးဒရဲ ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ တောင်သူများထံ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၂၆ ရက်မှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ တောင်သူ ၆၈၀ ၏ ဆောင်းစပါးစိုက်ဧက ၄၉၄၅ ဧကအတွက် ချေးငွေကျပ် ၇၄၁၇သိန်းကျော်ကို ထုတ်ချေးပေးပြီးဖြစ်သည်။

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ်ဆောင်းသီးနှံ ချေးငွေအရင်းနှင့် အတိုး ပြေကျေစွာပေးဆပ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရှိသည့် တောင်သူများအား ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ်များကို ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဒေးဒရဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

အေဇာလင်း

စာမျက်နှာ ၁၀ မှ

- ❑ **မြန်မာနိုင်ငံမှထွက်ရှိသည့် ကုန်ပစ္စည်းများကိုလည်း ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့နိုင်ဦးမည်ဖြစ်သည့်အတွက် မိမိတို့၏ ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်နိုင်မည်**
- ❑ **တစ်ဖက်တွင် ကုန်ပစ္စည်းများကို ဖြတ်သန်းခွင့်ပြုမှုအတွက် ဝင်ငွေများရရှိမည်ဖြစ်သလို အခြားတစ်ဖက်တွင် မိမိတို့၏ ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်း စီးပွားရေးတိုးတက်မှုများရှိလာမည်**
- ❑ **ပြည်ပမှသွင်းကုန်များကိုတင်သွင်းရာတွင် အခြားနိုင်ငံများ၏ ဆိပ်ကမ်းများကို အားကိုးစရာမလိုတော့သောကြောင့် ပြည်သူများအနေဖြင့် ကုန်ကျစရိတ် သက်သာသွားမည်**

ကျောက်ဖြူရေနက်ဆိပ်ကမ်း အပါအဝင် အထူးစီးပွားရေးဇုန်ကို တည်ဆောက်ပြီးစီးသွားပါက တစ်နှစ်လျှင် ကုန်သေတ္တာအလုံးရေ ခုနစ်သန်းခန့် လက်ခံထားနိုင်မည် ဖြစ်သောကြောင့် ဒေသတွင်း ကုန်သွယ်ရေးအတွက် သာမက ကမ္ဘာ့ကုန်သွယ်ရေးအတွက်ပါ အချက်အချာကျသည့် နေရာဖြစ်လာမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသည့် ကုန်ပစ္စည်းအများစုကို တရုတ်နိုင်ငံက ထုတ်လုပ်တင်ပို့နေရသောကြောင့် ဖြစ်သည်။ တရုတ်နိုင်ငံက ကုန်ပစ္စည်းများ တင်ပို့ရာတွင် ဝေးလံသော ရေလမ်းကြောင်းများ၊ ကုန်ကျစရိတ်ကြီးမြင့်သော ကုန်းလမ်းကြောင်းများနှင့် လေကြောင်းလိုင်းများကို အသုံးပြုနေရသည်။

တရုတ်နိုင်ငံအနေဖြင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ တစ်ဆင့် ကမ္ဘာတစ်ဝန်းသို့ တင်ပို့လျှင် ကုန်ကျစရိတ်သက်သာမည်

တရုတ်နိုင်ငံအနေဖြင့် သူတို့၏ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံထဲမှ ဖြတ်သန်းကာ ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ တစ်ဆင့် ကမ္ဘာတစ်ဝန်းသို့တင်ပို့မည်ဆိုလျှင် ကုန်ကျစရိတ် အလွန်သက်သာသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံမှထွက်ရှိသည့် ကုန်ပစ္စည်းများကိုလည်း ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့နိုင်ဦးမည်ဖြစ်သည့်အတွက် မိမိတို့၏ ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်သည်။

တစ်ဖက်တွင် ကုန်ပစ္စည်းများကို ဖြတ်သန်းခွင့်ပြုမှုအတွက် ဝင်ငွေများရရှိမည်ဖြစ်သလို အခြားတစ်ဖက်တွင် မိမိတို့၏ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်း စီးပွားရေးတိုးတက်မှုများ ရှိလာမည်ဖြစ်သည်။

ထို့ပြင် ပြည်ပမှ သွင်းကုန်များကို တင်သွင်းရာတွင် အခြားနိုင်ငံများ၏ ဆိပ်ကမ်းများကို အားကိုးစရာမလိုတော့သောကြောင့် ပြည်သူများအနေဖြင့် ကုန်ကျစရိတ် သက်သာသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြန်ကြည့်မည်ဆိုလျှင် ရေနက်ဆိပ်ကမ်းတစ်ခုတည်ဆောက်မှုက များစွာသောအကျိုးကျေးဇူးများကို ရရှိဖြစ်ထွန်းစေကြောင်းတွေ့ရမည်ဖြစ်သည်။

ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် မျက်နှာပန်းလှသည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံကြီးနှင့်တကွ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများကို မဖွံ့ဖြိုးမတိုးတက်စေလိုသော လူတစ်စုကလည်း သက်သက်ကိုရှိသည်။ ထိုသူတွေကတော့ မြန်မာနိုင်ငံ ကောင်းစားရေးအတွက် အစိုးရနှင့် ပြည်သူလက်တွဲ လုပ်ဆောင်မှုမှန်သမျှကို မကောင်းပြောဖို့ အသင့်စောင့်နေသည်။

တချို့ကလည်း သွေးခွဲစကားဆိုသေးသည်။ ကျောက်ဖြူရေနက်စီမံကိန်းမှ အကျိုးအမြတ်များကို ဒေသခံပြည်သူများမရရှိဘဲ နစ်နာမှုများသာ ရှိမည်ဟုဆိုကြခြင်းဖြစ်သည်။ ဒီကိစ္စကဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ အားလုံးအသိပင်ဖြစ်သည်။

ဒေသတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ပါက ထိုလုပ်ငန်းမှရရှိသည့်အကျိုးကျေးဇူးများကို အရင်ဆုံးရရှိသူများမှာ ဒေသခံပြည်သူများပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအတွက် ပထမဆုံးသော ရေနက်ဆိပ်ကမ်းဖြစ်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်တကွ အထူးစီးပွားရေးဇုန်နှင့် စက်မှုဥယျာဉ် စီမံကိန်းကြီးကတော့ မကြာမီအကောင်အထည် ပေါ်လာတော့မည်ဖြစ်သည်။

စီမံကိန်းကြီးပြီးစီးသွားမှ သာမဟုတ်ဘဲ စီမံကိန်းစတင်ပါပြီဆိုကတည်းက ဒေသခံ ပြည်သူများအတွက်သာမက နိုင်ငံတော်တစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် များစွာသော ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်တော့မည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်ကြောင်း ဂုဏ်ယူစွာ ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားစစ်တမ်းကို အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များတွင် ကောက်ယူသွားမည်

နေပြည်တော် ဒီဇင်ဘာ ၂၉

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် သုတေသနဆောင်ရွက်ပုံနည်းလမ်းများအတိုင်း စနစ်တကျ သုတေသနပြုလုပ်ခြင်းမှတစ်ဆင့် ရရှိလာသည့် ကိန်းဂဏန်း အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်နှင့် သုတေသနတွေ့ရှိချက်များကိုအခြေခံ၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲတာဝန်ခံများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက Video Conferencing ဖြင့် Online မှ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို သိရှိနိုင်စေရန်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားစစ်တမ်းများကို ကောက်ယူမည်ဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားစစ်တမ်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ပေါင်း ၁၉ မြို့ရှိ ခရီးသွားဆွဲဆောင်ရာ နေရာများ၊ ဝင်/ ထွက်ပေါက်များ၊ မီးရထားဘူတာရုံများတွင် ကောက်ယူသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားစစ်တမ်းကို ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနှင့် မူဆယ်မြို့များရှိ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များတွင် ကောက်ယူသွားမည်ဖြစ်ပါကြောင်း။

ယခု စစ်တမ်းကောက်ယူသွားမည့် ဝန်ထမ်းများအနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သူများပါဝင်သကဲ့သို့ ယခုမှ စတင်ကောက်ယူမည့်သူများလည်း ပါဝင်သည့်အတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သေချာလေ့လာသင်ယူပြီး အရည်အသွေးပြည့်ဝသော၊ ကိုးကားနိုင်သော ခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ တွေ့ရှိချက်များရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေ လိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး တိကျခိုင်မာသော စာရင်းအင်းအချက်အလက်များ ထုတ်ပြန်ကာ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် တိကျမှန်ကန်သည့် မူဝါဒ၊ ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေ လိုပါကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ခရီးသွားစစ်တမ်း ကောက်ယူမှုအစီအစဉ်အရ ပြည်တွင်းခရီးသွားများကို ဒီဇင်ဘာ ၃၀ ရက်မှ စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၅/ ၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၅/၂၀၂၃) ရဲသူရတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူ နှင့် ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဗဟိုမီးသတ် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက် အလေးပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံးကျောင်းသား ဆုရ ဒုတိယရဲအုပ်လောင်း ဇော်မျိုးသက်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စီစီခိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇော်မျိုးသက်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ညီညီဇင်နှင့် ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇော်မျိုးသက်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများအနေဖြင့် တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နှင့်အညီ မိမိလက်အောက်ကို ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက် တာဝန်(၄)ရပ်ဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို အလေးထားပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးကိုနောင်တော်တပ်မတော်နှင့်အတူ ဆောင်ရွက်နေကြခြင်း ဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် လုံခြုံရေး ကျိုးပေါက်မှုများ မရှိစေရေး အလေးထား ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသောကြောင့် ပြည်သူလူထုအတွင်း ကိုယ်ချင်းစာတရားနှင့် စေတနာ တို့ထားရှိကာ ကောင်းမွန်သော ဝန်ဆောင်မှုဖြင့် မှုခင်းအသိပညာ ပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး ပြစ်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုဥပဒေနှင့်အညီ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်ကို အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါး ပပျောက်သည်အထိ တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ် အရေးယူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန်နှင့် လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း စိတ်အားထက်သန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်တိုင်း စွမ်းရည်ပြည့်ဝထက်မြက်နေစေရန်အတွက် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာနေရန်လိုအပ်ကြောင်း၊ တပ်ဖွဲ့ဝင်အားလုံး လေ့ကျင့်သားပြည့်ဝနေစေရန် တပ်ဖွဲ့အလိုက် တစ်ဦးချင်းကိုင်တွယ်ရမည့် လက်နက်နှင့် ရဲတပ်ဖွဲ့သုံး ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်ရေး လိုအပ်သည့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲတိုးတက်နေမှုနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် အင်္ဂလိပ်ဘာသာစကားအပါအဝင် အခြားဘာသာစကားများ၊ ကွန်ပျူတာ၊ အင်တာနက်၊ နည်းပညာဆိုင်ရာ ပညာရပ်များကိုလည်း ပိုမိုတိုးတက်ကျွမ်းကျင်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အမျိုးသမီးရဲအရာရှိများ အနေဖြင့်လည်း မိမိတို့ရောက်ရှိ တာဝန် ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကို အခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သင်တန်းကျောင်းများက သင်ကြားလေ့ကျင့်ပေးမှုများနှင့် ကိုယ်တိုင်အားထုတ်မှုများက ရရှိလာသည့် လေ့လာ၊ လေ့ကျင့်မှုများကို သင်တန်းကာလအတွက်သာမဟုတ်ဘဲ စဉ်ဆက်မပြတ် လိုက်နာကျင့်သုံးသွားကြရန် အလေးနက်ထား မှာကြားလိုကြောင်း ပြောကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၅) ရဲသူရတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၁၉၉ ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၃၄၁ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဒီဇင်ဘာ ၂၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

အနာဂတ်ကို မျှော်ကြည့်ရင်း ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

ဂျီနီဗာ ဒီဇင်ဘာ ၂၉

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၂၀၂၄ ခုနှစ်ကို ယုံကြည်မှုနှင့် မျှော်လင့်ချက် တည်ဆောက်ပြီး ကမ္ဘာလုံးဆိုင်ရာ စည်းလုံး ညီညွတ်မှုရအောင် ဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည့် နှစ်သစ်ကူး ဗီဒီယိုသဝဏ်လွှာကို ဒီဇင်ဘာ ၂၈ ရက်က ထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ်သည် ပြင်းထန်လှသည့် ဆင်းရဲဒုက္ခများ၊ အကြမ်းဖက်မှုများနှင့် ရာသီဥတုဆိုင်ရာ မငြိမ်မသက်မှုများ ပြည့်နှက်နေသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်သည် စံချိန်တင် အပူဆုံးနှစ်လည်း ဖြစ်သကဲ့သို့ ကြီးထွားလာနေသော ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်မှုတို့ကြောင့် လူပေါင်းများစွာ ထိခိုက်ခဲ့ရကြောင်း၊ ထို့အပြင် စစ်ပွဲများ၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် အရေအတွက်လည်း တိုးပွားလာခဲ့ကြောင်း ဂူတာရက်စ်က နှစ်သစ်ကူးသဝဏ်လွှာတွင် မှတ်ချက်ပြုပြောကြားသည်။

ထို့ကြောင့် လူသားများ၏ မတူကွဲပြားမှုများကို ဖြတ်ကျော်ပြီး အတူတကွစုစည်းရပ်တည်နိုင်မည်ဆိုပါက အင်အားအကောင်းဆုံးလူသားများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂအနေဖြင့် ကမ္ဘာကြီးအတွက် ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးအတွက် ဆက်လက်ချီတက်သွားမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားထားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုဒီယို ဂူတာရက်စ်။

အင်န်အိတ်ချ်ကေ

သီရိလင်္ကာနိုင်ငံ၌ ဒီဇင်ဘာလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၀၀၀၀ ကျော်ရှိလာ

ကိုလံဘို ဒီဇင်ဘာ ၂၉

သီရိလင်္ကာနိုင်ငံ၌ ဒီဇင်ဘာလတစ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၀၀၀ ကျော်ရှိလာသည်ဟု အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးယူနစ် အင်န်ဒီစီယူက ဒီဇင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၀၅၉၀ ရှိပြီး နိုဝင်ဘာလအတွင်း ၇၉၈၅ ဦးရှိရာမှ ယခုလိုတစ်ရှိန်တိုးများပြားလာခြင်းဖြစ်သည်။ အောက်တိုဘာလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၄၀၁၀ ရှိပြီး စက်တင်ဘာလအတွင်းကမူ ၂၆၀၅ ဦး ရှိခဲ့သည်ဟု အမျိုးသားသွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးယူနစ်က ပြောသည်။

ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၈၇၀၇၈ဦးရှိပြီး သေဆုံးသူ ၅၅ ဦးရှိသည်ဟု အင်န်ဒီစီယူက ပြောသည်။ မြို့တော်ကိုလံဘို၌ ရောဂါဖြစ်ပွားသူဦးရေ အများဆုံးဖြစ်ကာ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ ၂၁ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

မိုးရာသီ ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်ခြေမြင့်မားကြောင်းလည်း သီရိလင်္ကာ ကျန်းမာရေးအာဏာပိုင်များက သတိပေးထား သည်။

ဆင်ဟွာ

၂၀၂၃ ခုနှစ်အတွင်း ဟွာဝေးကုမ္ပဏီ၏ ရောင်းရငွေ ယွမ်ဘီလီယံ ၇၀၀ ကျော် ရရှိရန်မျှော်မှန်းထား

ရှင်းကျန်း ဒီဇင်ဘာ ၂၉

တရုတ်နည်းပညာ ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဟွာဝေး၏ ၂၀၂၃ ခုနှစ်အတွင်း ရောင်းရငွေသည် ယွမ် ဘီလီယံ ၇၀၀ (အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၈၃ ဘီလီယံခန့်) ကျော်ရရှိရန် မျှော်လင့်ထားကြောင်း ဟွာဝေးကုမ္ပဏီမှ ဒီဇင်ဘာ ၂၉ ရက်တွင် ထွက်ရှိလာသည့် ထုတ်ပြန်ချက်တစ်ခုအရ သိရသည်။

၎င်းတို့အနေဖြင့် ခက်ခဲကြမ်းတမ်းသော ကြိုးပမ်းမှုများဖြင့် တွန်းလှန်နိုင်ခဲ့ပြီး တိုးတက်မှုကို ရခဲ့သော်လည်း စိန်ခေါ်မှုများမှာ ပြင်းထန်နေဆဲဖြစ်ကြောင်း၊ ပြင်ပပြောင်းလဲမှုများ မည်သို့ပင်ရှိစေကာမူ ဖောက်သည်များအား အရည်အသွေးမြင့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အစဉ်တစိုက် ပေးဆောင်လျက်ရှိပြီး နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် ပြီးပြည့်စုံသော အားသာချက်များကို အပြည့်အဝပေးဆောင်သွားမည်ဖြစ်ကြောင်း ဟွာဝေးကုမ္ပဏီ၏ အလှည့်ကျဥက္ကဋ္ဌ ဟူဟိုခွန်က ဆိုသည်။

၂၀၂၂ ခုနှစ်က ဟွာဝေးနည်းပညာ ကုမ္ပဏီ၏ ရောင်းရငွေ ယွမ် ၆၄၂ ဒသမ ၃ ဘီလီယံ ရရှိခဲ့သည်။ ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ကုမ္ပဏီ၏ ရောင်းရငွေ ယွမ် ၃၁၀ ဒသမ ၉ ဘီလီယံအထိ ရှိခဲ့သဖြင့် အသားတင်အမြတ်ငွေ ၁၅ ရာခိုင်နှုန်း ရရှိခဲ့သည်။

ဆင်ဟွာ

အမေရိကန်၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း အလုပ်လက်မဲ့ဦးရေ ၂၁၈၀၀၀ အထိ မြင့်မားလာ

ဝါရှင်တန် ဒီဇင်ဘာ ၂၉

အလုပ်သမားဈေးကွက် အေးစက်နေစဉ် အမေရိကန်၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း အလုပ်လက်မဲ့ဦးရေ ၂၁၈၀၀၀ အထိရှိလာသည်။

လွန်ခဲ့သည့်သီတင်းပတ်နှစ်ပတ်ကမူ အလုပ်လက်မဲ့ဦးရေမှာ ကျဆင်းနေရာမှ ယခုလိုပြန်လည်မြင့်မားလာခြင်းဖြစ်သည်ဟု အမေရိကန်အလုပ်သမားဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် အစီရင်ခံတင်ပြခဲ့သည်။ ဒီဇင်ဘာ ၂၃ ရက် သီတင်းပတ်က အလုပ်လက်မဲ့ အကျိုးခံစားခွင့်အတွက် လျှောက်ထားသူ ဦးရေမှာ ၁၂၀၀၀ ရှိလာခဲ့သည်။

နိုဝင်ဘာလအတွင်း အမေရိကန်၌ အလုပ်အကိုင်ရရှိသူ ၁၉၉၀၀၀ ရှိပြီး အလုပ်လက်မဲ့ဦးရေ မှာ ၃ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ယခုလအစောပိုင်း အမေရိကန်အလုပ်သမားဌာန၏ အစီရင်ခံစာအရ သိရသည်။

ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ မျိုးကွဲ JN.1 ပထမဆုံးကူးစက်ခံရသူသစ် လေးဦးတွေ့ရှိ

ဖနောင်ပင် ဒီဇင်ဘာ ၂၉

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ မျိုးကွဲ JN.1 ပထမဆုံးကူးစက်ခံရသူသစ် လေးဦးတွေ့ရှိကြောင်း၊ ယင်းမှာ BA.2.86 မျိုးဗီဇအမျိုးအစားမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက် သန်းခေါင်ယံအချိန်က ကြေညာထားသည်။

ရောဂါကူးစက်ခံရသူများမှာ ဆေးကုသမှုခံယူပြီး ပြန်လည်ကောင်းမွန်လာသော်လည်း မိမိတို့နေအိမ်အသီးသီး၌ သီးသန့်ခွဲနေရန် လိုအပ်ဆဲဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ကိုဗစ်-၁၉ မျိုးကွဲ JN.1 အမျိုးအစားကို အမေရိကန်နိုင်ငံ၌ စက်တင်ဘာလအတွင်းက ပထမဆုံး တွေ့ရှိခဲ့သည်။

ဆင်ဟွာ

ဂါဇာတောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ အစ္စရေးတို့က လေကြောင်းနှင့် ကုန်းကြောင်းတို့မှ စစ်ဆင်ရေးများ အရှိန်မြှင့်

ဂါဇာ ဒီဇင်ဘာ ၂၉

ဂါဇာတောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ အစ္စရေးတပ်ဖွဲ့ဝင်များက လေကြောင်းနှင့်ကုန်းကြောင်းတို့မှ စစ်ဆင်ရေးအရှိန်များ မြှင့်တင်လျက်ရှိပြီး လူပေါင်းများစွာ သေဆုံးခဲ့ရသည်ဟု သိရသည်။

ဂါဇာတောင်ပိုင်းရာဖာမြို့ရှိ ဒေသခံများ နေထိုင်ရာ နေရာတွင် အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒီဇင်ဘာ ၂၈ ရက်က လူ ၂၀ ထက်မနည်း သေဆုံးခဲ့ရသည်။ ရာဖာသည် ယခုအခါ ရွှေ့ပြောင်းနေထိုင်သူများနှင့် လူဦးရေအဆမတန် သိပ်သည်းများပြားလျက်ရှိသည်။ နှစ်ဖက်စလုံးမှ ပါဝင်သည့် အဆင့်သုံးဆင့်ရှိသည့် အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို အီဂျစ်အစိုးရက ဒီဇင်ဘာ ၂၈ ရက်က ကြေညာခဲ့သည်။ သို့သော်လည်း မည်သည့်ဘက်ကမျှ ပြန်လည်တုံ့ပြန်ခဲ့ခြင်းမရှိချေ။ အဆိုပါအစီအစဉ်၏ ရည်ရွယ်ချက်မှာ ဂါဇာဒေသတွင် အစ္စရေးတို့၏စစ်ဆင်ရေးကို ရပ်နားရန်နှင့် ဒေသတွင်း တည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရန်ပင်ဖြစ်သည်။

အဆိုပါအဆိုပြုချက်နှင့်ပတ်သက်၍ အီဂျစ်အစိုးရက အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိချေ။ သို့သော်လည်း အရှေ့အလယ်ပိုင်းရှိ မီဒီယာများ၏ ဖော်ပြချက်အရ အီဂျစ်တို့အဆိုပြုထားသည့် အစီအစဉ်တွင် ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲပြီး အစ္စရေးဘက်မှ သတ်မှတ်ထားသည့် ပါလက်စတိုင်းအကျဉ်းသားများကို ပြန်လွှတ်ပေးရန်နှင့် ဟားမားစ်တို့ဘက်ကလည်း ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများထဲမှ ကလေးများနှင့် အမျိုးသမီးများကို ပြန်လွှတ်ပေးရန် ပါဝင်သည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

ဂါဇာမြောက်ပိုင်း ဒုက္ခသည်စခန်း၌ အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုအပြီး ကယ်ဆယ်ရေးများ လုပ်ဆောင်နေသည်ကို နိုဝင်ဘာလအတွင်းက တွေ့ရစဉ်။

ဟားခါးမြို့ရှိ အငြိမ်းစားဝန်ထမ်း ၂၄၀ ခန့်အား ကျန်းမာရေးစစ်ဆေးပေးပြီး အခြေခံစားသောက်ကုန်များ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

ဟားခါး ဒီဇင်ဘာ ၂၉

ချင်းပြည်နယ် ဟားခါးမြို့ရှိ အငြိမ်းစားဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သက်သာချောင်ချိရေး ထောက်ပံ့ပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ဟားခါးမြို့ရှိ သမားတော်ကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား သွားကျန်းမာရေး အပါအဝင် အထွေထွေကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ယခု အငြိမ်းစားဝန်ထမ်းများမှာ ခေတ်အဆက်ဆက် တိုင်းပြည်တာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကျေပွန်စွာထမ်းဆောင်ခဲ့သူများ ဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ပြည်နယ်အစိုးရအဖွဲ့က တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း နှုတ်ဆက်အားပေးစကား ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အငြိမ်းစားဝန်ထမ်းများကို အခြေခံစားသောက်ကုန်များ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်း ပေးအပ်ကြသည်။

ယနေ့ကျင်းပသည့် အစီအစဉ်တွင် ဟားခါးမြို့ရှိ အငြိမ်းစားဝန်ထမ်း ၂၄၀ ခန့်အား ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး အခြေခံစားသောက်ကုန်များနှင့် ကျန်းမာရေးသုံးပစ္စည်းများအပြင် အငြိမ်းစားဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့ပေးအပ်သည်။

ချင်းပြည်နယ်အတွင်းရှိ ကျန်ရှိသည့်ခရိုင်၊ မြို့နယ်များတွင်လည်း အလားတူအစီအစဉ်များ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ် သစ်ပါးလွှာစက်ရုံ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် ဒီဇင်ဘာ ၂၉

ပွင့်လင်းရာသီ ရောက်ရှိနေပြီဖြစ်သည့်အတွက် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ ဝဲကလီကျေးရွာရှိ Dammer Ping သစ်ပါးလွှာစက်ရုံ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၇ ရက်က ဆောင်ရွက်သည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်ထွေး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ ပါဝင်သည့် မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဝဲကလီကျေးရွာရှိ Dammer Ping သစ်ပါးလွှာစက်ရုံသို့ သွားရောက်ပြီး မီးသတ်ရေငုတ်များကောင်း မကောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံမှု ရှိ မရှိ၊ ရေထွက်နှုန်းကောင်း မကောင်း၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှု၊ မီးသတ်ဆေးဘူးများ ကောင်း မကောင်း၊ ဘွိုင်လာများ ကောင်း မကောင်းနှင့် မီးသတ်ရေကန် ရှိ မရှိ စသည်တို့ကို စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းထားနိုင်ရေး အကြံပြုပြောကြားခဲ့သည်။

သံဖြူဇရပ်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဂရုပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

တောင်ပေါ်ဒေသမှ ထွက်ရှိလာသည့် ပြောင်းဖူးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေး ဒီဇင်ဘာ ၂၉

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ တောင်ပေါ်ဒေသတို့မှထွက်ရှိသည့် ပြောင်းဖူးများ ယခုရက်အတွင်း ဝင်ရောက်နေပြီး အရောင်းအဝယ်သွက်လက် ကောင်းမွန်လျက်ရှိကြောင်း ဈေးအတွင်းရှိ ပြောင်းဖူးပွဲရုံများထံမှ သိရသည်။

အဆိုပါ ပြောင်းဖူးများသည် ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကားအစီးရေ ခုနစ်စီးမှ ရှစ်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ပြောင်းဈေးနှုန်းများမှာ လက်ရှိအချိန်တွင် (ပိဿာချိန် ၃၀ ဆံ့) အဖူးရေ ၁၁၀ ပါ တစ်အိတ်လျှင် အိတ်ပြတ်အနေဖြင့် ကျပ် ၂၇၀၀၀ မှ ၃၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်ထံမှ သိရသည်။

"လက်ရှိအချိန်မှာ ဈေးကိုဝင်ရောက်လာတဲ့ပြောင်းတွေက အရောင်းအဝယ်တွေ ကောင်းနေကြပါတယ်။ ပြောင်းက တောင်ပေါ်ဒေသစုံကပဲ ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသတွေကပြောင်းတွေ ဝင်ရောက်မှုမရှိသေးပါဘူး။ ပြောင်းကို အိတ်ပြတ်ဝယ်ယူကြတာများပါတယ်။ ကားတစ်စီးကို ပြောင်းအိတ်က ၁၀၀၀၀ နဲ့ ၁၂၀၀၀ ပါတယ်။ ပြောင်းတွေကိုတော့ လားရှိုးနဲ့ရန်ကုန်တို့ကို တင်ပို့ရပါတယ်။ ခုနောက်ပိုင်းမှာ ပြောင်းစိုက်တဲ့သူတွေလည်း နည်းသွားတာကို တွေ့ရပါတယ်။ ဈေးကိုပြောင်းအခြောက်တွေ ဝင်ရောက်နေတာတွေလည်း ရှိပါတယ်။ ခုချိန်မှာတော့ တောင်ပေါ်က ထွက်ရှိလာတဲ့ပြောင်းတွေ နေ့စဉ်ဝင်ရောက်နေပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ၎င်းက ပြောသည်။

မောင်အေးချမ်း

၂၀၂၄ ခုနှစ် ဇန်နဝါရီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ညအပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ၂ ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။

မြစ်ရေအခြေအနေ

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့ တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် တစ်ပေခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြောက်ဦးမြို့ မြောင်းဘွေကျေးရွာအနီးဝန်းကျင်နှင့် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာကို တပ်မတော်မှလေကြောင်းနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အရပ်သားများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ အနီးပတ်ဝန်းကျင်ကို ဒီဇင်ဘာ ၂၈ ရက်တွင် တပ်မတော်က လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အရပ်သားငါးဦး သေဆုံးပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် RFA မှ ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ AA သောင်းကျန်းသူအဖွဲ့သည် မြောင်းဘွေရဲစခန်းနေရာအား Drone များအသုံးပြု၍ အဝေးမှလာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက Drone Gun များဖြင့် တန်ပြန်အသုံးပြုတိုက်ခိုက်ခဲ့မှုကြောင့် ၎င်းတို့၏ Drop ဗုံးသီးများ ဝန်းကျင်ကျေးရွာများအနီး ကျရောက်ပေါက်ကွဲခြင်းများရှိကြောင်းနှင့် တပ်မတော်မှ ၎င်းရက်တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခြင်းမရှိကြောင်း သိရှိရသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာကို ဒီဇင်ဘာ ၂၈ ရက် ညပိုင်းတွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူငါးဦး သေဆုံးပြီး ကလေးငယ်နှစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media မှ ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ ဘူးသီးတောင်မြို့နယ်အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား AA သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှု မရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများအနေဖြင့် AA သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ နိုင်ငံတကာစာမျက်နှာများတွင် တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် တစ်ဖက်သတ်စွပ်စွဲကာ သတင်းမှားများ လုပ်ကြံဖန်တီးရေးသား ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ပြည်သူ့စစ်ထဲသို့ မဝင်သူများကို တစ်အိမ်ထောင်လျှင် ကျပ်သုံးသောင်းပေးနေရကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ ဒေသခံများ အနေဖြင့် ပြည်သူ့စစ်ထဲသို့ ဝင်ရောက်ကြရန်၊ မဝင်ရောက်လိုသူများအနေဖြင့် ပြည်သူ့စစ်များအတွက် စရိတ်ဟုဆိုကာ တစ်အိမ်ထောင်လျှင် ကျပ်သုံးသောင်းပေးနေရကြောင်း၊ ပြည်သူ့စစ်ထဲသို့ ဝင်ရောက်မည်ဆိုပါက တစ်လလျှင် ကျပ်သိန်း ၃၀ နှင့် မိသားစုအတွက်ပါ ထောက်ပံ့ပေးမည်ဟု စည်းရုံးမှုများရှိနေကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားမှုနှင့် မြေပြင်စုံစမ်းတွေ့ရှိချက်များအရ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကဒေသခံပြည်သူများအား ပြည်သူ့စစ်တပ်ဖွဲ့သို့ ဝင်ရောက်ရန်စည်းရုံးခြင်းနှင့် ငွေကြေးကောက်ခံမှုများ မရှိကြောင်း သိရှိရပြီး ၎င်းသတင်းမှာ ဝါဒဖြန့်သတင်းအမှားတစ်ခု ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူ၍ မြို့၊ ရွာများတွင် နေအိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ လူသတ်၊ မိုင်းခွဲခြင်းနှင့် ငွေကြေးတောင်းခံမှုများကို လုပ်ဆောင်နေခြင်းကြောင့် ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ လက်တွဲ၍ အကြမ်းဖက်သောင်းကျန်းသူများကို ခုခံတိုက်ခိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ ဘုန်းကြီးကျောင်းပိုင် ငွေကျပ် ၁၇ သိန်းနှင့် ဖုန်းတစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မလာယူသွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ လင်းရောင်ခြည်ဘုန်းကြီးကျောင်းသို့ ဒီဇင်ဘာ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လာရောက်ပြီး ကျောင်းပိုင်ငွေကျပ် ၁၇ သိန်းနှင့် ဖုန်းတစ်လုံးအပါအဝင် စားသောက်စရာအချို့ကို အဓမ္မ ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ လင်းရောင်ခြည်ဘုန်းကြီးကျောင်းကို ဒီဇင်ဘာ ၂၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ခြင်း မရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■ *ကျောဖုံးမှ*

တော်ဝင်ငွေရတနာအသင်းက ဇမ္ဗူရတနာအေးအသင်းကို ရမှတ် ၁၃၅၃၊ ၁၂၄၂ ရမှတ်ဖြင့်လည်းကောင်း၊ အမျိုးသားခြောက်ပေါက်တန်းတွင် ကာကွယ်ရေးအသင်းက သူရိန်မင်းအသင်းကို ရမှတ် ၁၀၉၈၊ ရမှတ် ၁၀၃၀ ဖြင့်လည်းကောင်း၊ အမျိုးသမီးလေးပေါက်တန်းတွင် စာဥအသင်းက ခေတ္တရာရွှေပြည်အသင်းကို ရမှတ် ၅၉၀၊ ရမှတ် ၅၁၉ ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အသင်းအသန့်ရှင်းဆုံးဆု၊ အကောင်းဆုံးအားကစားသမားဆုများ ရရှိကြသူများအား မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်၊ တပ်မတော်ခြင်းလုံးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ရဲလွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ အမှုဆောင်များက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲတွင် ဆယ်ပေါက်တန်းတွင် ခြောက်သင်း၊ ခြောက်ပေါက်တန်းတွင် ၁၁ သင်း၊ လေးပေါက်တန်းတွင် လေးသင်း၊ အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အာကာစိုး

❖ *ကျောဖုံးမှ*

ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အကြောက်တရားများ လွှမ်းမိုးလာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် မြင်းစီးကျေးရွာအတွင်းသို့ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

❍ *ကျောဖုံးမှ*

ပြင်ဆင်မည်ဖြစ်ကာ ဖေဖော်ဝါရီတွင် နိုင်ငံတကာခြေစမ်းပွဲ သို့မဟုတ် ပြည်ပလေ့ကျင့်ရေးခရီးစဉ် သွားရောက်မည်ဖြစ်သည်။ ဖေဖော်ဝါရီတွင် ခြေစမ်းပွဲကစားပြီးပါက လေ့ကျင့်မှုရပ်နားမည်ဖြစ်ပြီး ပြည်တွင်းဖူဆယ်လိဂ် လက်ကျန်ပွဲများ ပြန်လည်ကစားကာ မတ်လမှသာ ပြန်လည် လေ့ကျင့်မည်ဖြစ်သည်။

အာရှဖလား ဖူဆယ်ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဧပြီ ၁၇ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ တရုတ်၊ အုပ်စု (ခ) တွင် ဥဇဘက်ကစ္စတန်၊ ဆော်ဒီအာရေဗျ၊ အီရတ်၊ ဩစတြေးလျ၊ အုပ်စု (ဂ) တွင် လက်ရှိချန်ပီယံ ဂျပန်၊ တာဂျစ်ကစ္စတန်၊ တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ အုပ်စု (ဃ) တွင်အီရန်၊ ကူဝိတ်၊ ဘာရိန်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ပါဝင်နေသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

မြန်မာ့သဘာဝ ဘူမိအလှပန်းချီ ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ဆီ (၁)

ဇော်ထက်လင်း (ဘရေ)

❀ **ကမ္ဘာ့အဆင့်မီ ဘူမိဗေဒဆိုင်ရာ အရေးပါမှုများ၊ ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ တွေ့ရှိချက်များ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များ၊ ဇီဝမျိုးကွဲများ၊ ဒေသခံလူဦးရေနှင့် အသက်မွေးဝမ်းကျောင်းမှုများကို အခြေခံ၍ မြန်မာ့ရာဇဝင်သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှုတို့ဖြစ်တည်ကာ မီးတောင်ဟောင်းတစ်ခုဖြစ်ခဲ့ဖူးသည့် ဘူမိရုပ်သွင်ထူးခြားသော ပုပ္ပားတောင်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံး ပုပ္ပားတောင်အမျိုးသား ဘူမိဥယျာဉ် (Mount Popa National Geopark) အဖြစ် အဆိုပြုရွေးချယ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်ပါသည်**

ဘူမိဥယျာဉ် (Geopark) ဆိုသည်မှာ

ဘူမိဥယျာဉ်ဆိုသည်မှာ တစ်မူထူးခြား၍ တစ်ပေါင်းတစ်စည်းတည်းရှိပြီး အရေးပါသည့် သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရိုးရာယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်တို့ပါဝင်ကာ ဘူမိအမွေအနှစ်များကို ပညာပေးရန်၊ ကာကွယ်ထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် လွှမ်းခြုံစဉ်းစားလျက် စီမံခန့်ခွဲထားသည့် နေရာတစ်ခုပင် ဖြစ်ပါသည်။

ဘူမိဥယျာဉ်တစ်ခုအတွင်းရှိ ဘူမိအမွေအနှစ်များသည် ကလေးငယ်များ၊ အရွယ်ရောက်ပြီးသူများ၊ ဒေသခံပြည်သူများနှင့် လာရောက်လည်ပတ်သူများအတွက် ဒေသတစ်ခု၏ သမိုင်း၊ သဘာဝနှင့် ယဉ်ကျေးမှုအကြောင်း လေ့လာနိုင်သည့် ကမ္ဘာ့သင်ခန်းစာအနေဖြင့် အထောက်အပံ့ပြုကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဘူမိဥယျာဉ်များသည် ပညာရေးနှင့် အတွေ့အကြုံသင်ယူခြင်းအတွက် အခွင့်အလမ်းများရရှိစေရုံသာမက ဘူမိအမွေအနှစ်နေရာများအတွက် ဘူမိနယ်မြေများ ထိန်းသိမ်းခြင်း (Geoconservation) အကြောင်း နားလည်သဘောပေါက်ရန်နှင့် အသိပညာတိုးပွားစေရန်အတွက် အလားအလာများကို ဖော်ဆောင်လျက်ရှိပါသည်။ အခြားတစ်ဖက်တွင်လည်း ဘူမိနယ်မြေများကို သွားရောက်လေ့လာအပန်းဖြေခြင်းဆိုင်ရာ ဘူမိခရီးသွားလုပ်ငန်း (Geotourism) နှင့် ယင်းနယ်မြေအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) ကိုလည်း အထောက်အပံ့အဖြစ် တည်ရှိနေပါသည်။

ဘူမိဥယျာဉ်များ၏အစ

ကျောက်အမျိုးမျိုးနှင့် တွင်းထွက်သတ္တုများ၊ ကျောက်ဖြစ်ရုပ်ကြွင်း၊ မြေဆီလွှာများနှင့် ဘူမိရုပ်သွင်များသည် သဘာဝ၏ အဓိကအရေးပါသော အရာများပင်ဖြစ်လေရာ လူသားများ၏ ဖြန့်ကြက်နေထိုင်မှု၊ သစ်ပင်ပန်းမန်နှင့် တိရစ္ဆာန်များသည် ရာသီဥတုအပေါ်တွင်သာ အမှီသဟဲပြုနေခြင်းမဟုတ်ဘဲ ဘူမိဗေဒနှင့် တောတောင်ရေမြေတို့သည်လည်း လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုနှင့် ကမ္ဘာမြေပေါ်ရှိ ကွဲပြားခြားနားသော ဓလေ့ထုံးစံတို့ကို နက်ရှိုင်းစွာ လွှမ်းမိုးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဘူမိဥယျာဉ်အယူအဆ အခြေခံအတွေးအခေါ်ကို ၁၉၉၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ကျင်းပခဲ့သော "ဒင်းညီလာခံ" (Digne Convention) တွင် ဘူမိဗေဒဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ ပထမအကြိမ် နိုင်ငံတကာ ဆွေးနွေးပွဲကို တက်ရောက်လာသူများက ကမ္ဘာ့မြေဘူမိအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတော်နှင့် နိုင်ငံတကာအာဏာပိုင်များအား အဆိုပြုတောင်းဆိုရာမှ စတင်ခဲ့ကြောင်း သိရှိရပါသည်။

၁၉၉၇ ခုနှစ်တွင် ဖော်ပြပါ တောင်းဆိုချက်များကို တုံ့ပြန်မှုအနေဖြင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) (United Nations Educational, Scientific and Culture Organization–UNSECO) ၏ ကမ္ဘာ့မြေသိပ္ပံဌာနခွဲသည် ကမ္ဘာ့မြေအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် နိုင်ငံတော်နှင့် နိုင်ငံတကာမှ ကြိုးပမ်းမှုများကို ပံ့ပိုးရန် ယူနက်စကို ဘူမိဥယျာဉ်အစီအစဉ် (UNESCO Geoparks Programme) ၏ အယူအဆကို မိတ်ဆက်ပေးခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဥရောပနယ်မြေ လေးခုဖြစ်သော ပြင်သစ်၊ ဂရိ၊ ဂျာမနီနှင့် စပိန်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဘူမိဗေဒအမွေအနှစ်များ ကာကွယ်ရေးနှင့် ဘူမိခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့မှ တစ်ဆင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကိုင်တွယ်ဖြေရှင်းရန် အတူတကွ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဥရောပဘူမိဥယျာဉ်ကွန်ရက် (European Geoparks Network–EGN) တည်ထောင်ကြောင်း ကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

အခြားတစ်ဖက်တွင်လည်း ကမ္ဘာ့ဘူမိဥယျာဉ်များ၏ လှုပ်ရှားမှုများသည် ၁၉၉၆ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တော်၌ ကျင်းပသော အကြိမ် (၃၀) မြောက် ဘူမိဗေဒညီလာခံမှ ကွင်းဆင်းခရီးစဉ် (Field Trip) တစ်ခုအနေဖြင့် တရုတ်နှင့် နိုင်ငံတကာ ဘူမိဗေဒပညာရှင်များ သွားရောက်ခဲ့သည့် ဖန်ရှန်ခရိုင် (Fangshan District) ၏ ကျိုးခေါ်သိရန့် ဧရိယာ (Zhoukoudian Area) ခရီးစဉ်မှ စတင်ခဲ့ကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

၂၀၁၅ ခုနှစ်တွင် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ် (UNESCO Global Geopark) အတွက် အပြည်ပြည်ဆိုင်ရာ ဘူမိသိပ္ပံနှင့် ဘူမိဥယျာဉ်များ အစီအစဉ် (International Geosciences and Geoparks Programme–IGGP) ကို အဆိုပြုပြဋ္ဌာန်းခဲ့ကာ ရည်ရွယ်ချက်အားဖြင့် ဒေသအတွင်းရှိ အတိတ်သမိုင်းနှင့် ဘူမိအမွေအနှစ်များ၏ အရေးကြီးပုံတို့ကို တိုးမြှင့်အသိပေးခြင်းဖြင့် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်များသည် ဒေသခံလူထုအား ယင်းတို့ဒေသအပေါ် ဂုဏ်ယူတတ်စေရန်၊ ဒေသအတွင်း ဘူမိအမွေအနှစ်များ ထိန်းသိမ်းရေးတွင် ပူးပေါင်းပါဝင်မှု မြင့်မားလာစေရန်နှင့် ဘူမိခရီးသွားလုပ်ငန်းမှ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိစေရန် ရည်ရွယ်ခဲ့ကြပါသည်။

ထိုအချက်များကို အခြေပြု၍ ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်များသည် ပထဝီဝင်အနေအထားအရ ထူးခြားသည့် နေရာဒေသများတွင် ရှိပြီး ဘူမိဗေဒအရ ကမ္ဘာ့အဆင့် ထူးခြားသော နေရာဒေသများကို ထိန်းသိမ်းခြင်း၊ ပညာပေးခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ခြုံငုံမိသည့် သဘောတရားဖြင့် စီမံခန့်ခွဲရေးတို့ကို ဆောင်ရွက်သွားနိုင်ရန် သတ်မှတ်ထားသော နေရာများပင်ဖြစ်ပေသည်။

သတ်မှတ်ပြီး ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်များ

ကမ္ဘာပေါ်တွင် ၂၀၀၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ၁၈ နှစ်အတွင်း နိုင်ငံပေါင်း ၄၆ နိုင်ငံ၌ ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ်များ ၁၇၇ ခုအထိ သတ်မှတ်ထားပြီးဖြစ်ပါသည်။ ယင်းတို့တွင် ဥရောပတိုက်၌ ၉၄ ခု၊ အာရှနှင့် ပစိဖိတ်ဒေသတွင် ၆၆ ခု၊ တောင်–မြောက်အမေရိကနှင့် ကာရေဗီယန်ဒေသတွင် ၁၅ ခုနှင့် အာဖရိကတိုက်တွင် နှစ်ခု သတ်မှတ်ထားပြီးလည်း ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင်လည်း ၁၈ ခု ထပ်မံတိုးမြှင့်လာကြောင်းကိုလည်း သိရှိရသဖြင့် လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၄၈ နိုင်ငံတွင် UNESCO Global Geopark စုစုပေါင်း ၁၉၅ ခု ရှိလာပြီးဖြစ်ပါသည်။

မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ဖြစ်မြောက်ရေးနှင့် ပုပ္ပားတောင်

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သစ်တောဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့က ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရေး အလားအလာကောင်းများရှိသည့် နေရာများကို သွားရောက်ရှာဖွေဖော်ထုတ်ထားခဲ့ပြီး ယင်းတို့အနက် အလားအလာအကောင်းဆုံးဖြစ်သည့် ပုပ္ပားတောင်ဒေသကို ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်အဖြစ် အမည်စာရင်းအဆိုမပြုမီ ရှေးဦးစွာ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် သတ်မှတ်ခဲ့ပါသည်။

ကမ္ဘာ့အဆင့်မီ ဘူမိဗေဒဆိုင်ရာ အရေးပါမှုများ၊ ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ တွေ့ရှိချက်များ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များ၊ ဇီဝမျိုးကွဲများ၊ ဒေသခံလူဦးရေနှင့် အသက်မွေးဝမ်းကျောင်းမှုများကို အခြေခံ၍ မြန်မာ့ရာဇဝင်သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှုတို့ဖြစ်တည်ကာ မီးတောင်ဟောင်းတစ်ခုဖြစ်ခဲ့ဖူးသည့် ဘူမိရုပ်သွင်ထူးခြားသော ပုပ္ပားတောင်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံး ပုပ္ပားတောင်အမျိုးသား ဘူမိဥယျာဉ် (Mount Popa National Geopark) အဖြစ် အဆိုပြုရွေးချယ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်ပါသည်။

ပုပ္ပားဆိုသည်မှာ ပါဠိဘာသာ "ပုပ္ပ" ဟူသော ဝေါဟာရမှ ဆင်းသက်လာသော စကားဖြစ်ပြီး 'ပန်း' ဟူသော အဓိပ္ပာယ်ဖွင့်ဆိုယူဆချက်နှင့် ပုဂံခေတ် အမည်မသိ ရှေးစာဆိုတစ်ဦး၏ ပုပ္ပားနတ်တောင်ဘွဲ့ လင်္ကာတွင် ပါဝင်သော "ရွှေနှင့်ယိုးမှား ပန်းစကား" တို့နှင့်အညီ စကားဝါပန်းများသည် မြန်မာတို့အစဉ်အဆက် အလေးအမြတ်ထားရာ ပုပ္ပားတောင်ကလပ်တောင်မြတ်၏ အလှသင်္ကေတပင်ဖြစ်ပါသည်။

ပုပ္ပားတောင် ပတ်ဝန်းကျင်ဒေသသည် "ပုပ္ပ" ဟူသော အမည်နာမနှင့်အညီ ရာသီအလိုက် ပန်းပေါင်းဝေဆာဖူးပွင့်လျက်ရှိပြီး ပူပြင်းခြောက်သွေ့သော အပူပိုင်းဇုန်တွင် တည်ရှိနေသော်လည်း သဘာဝစိမ့်စမ်း ရေတံခွန်တို့ဖြင့် အမြဲထာဝရ စိမ်းလန်းစိုပြည်နေပြီး မြင်ရသူများအဖို့ ချမ်းမြေ့ကြည်နူးဖွယ်ရာဖြစ်သဖြင့် ပုပ္ပားနယ်မြေကို အပူပိုင်းဒေသ၏

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

အိုအေစစ်ဟု တင်စားခေါ်ဝေါ်ကြပါသည်။ အခြားတစ်ဖက်တွင်လည်း မြေပြန့်လွင်ပြင်တွင် ထီးတည်းရှိနေသဖြင့် မြင့်မားလှသော တောင်ကြီးတစ်ခုအသွင် ပေါ်နေခြင်းကြောင့်လည်း ပါဠိဘာသာဖြင့် မဟာဂီရိ (တောင်ကြီး) ဟူ၍လည်း ဆိုကြပြန်လေသည်။ ခေတ်သမိုင်းအဆက်ဆက် မြန်မာတို့ကိုးကွယ်ယုံကြည်ရာ နတ် ၃၇ မင်းတို့ ပျော်စံရာအဖြစ် တစ်နှစ်ပတ်လုံး ယုံကြည်ကိုးကွယ်သူများနှင့် စည်ကားလျက်ရှိပေသည်။

ပုပ္ပားမီးတောင်ကြီး၏ ပထဝီဝင်အခြေအနေနှင့် ဘူမိနောက်ခံ

ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းတည်ရှိပြီး ပုပ္ပားတောင်မကြီး၏ အမြင့်မှာ ၄၉၈၁ ပေရှိကာ တောင်ကလပ်မှာ အမြင့် ၂၄၁၇ ပေဖြင့် သီးခြားမတ်စောက်စွာ တည်ရှိနေပါသည်။ တောင်ခြေဧရိယာမှာ ၂၅ စတုရန်းမိုင်ရှိပြီး အနိမ့်ဆုံး ပေ ၉၈၀ မှ ၄၉၈၁ ပေအထိ မြင့်မားသော မီးတောင်ချော်ကျောက်များဖြင့် ဖွဲ့စည်းထားသော တောင်ကုန်းတောင်တန်းများ ပါဝင်ပါသည်။ ပုပ္ပားတောင်ဒေသ၏ သဘာဝပတ်ဝန်းကျင်သည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ထူးခြားစွာ ရပ်တည်နေသော မီးတောင်တစ်ခုဖြစ်သဖြင့် ပတ်ဝန်းကျင်လွင်ပြင် ဒေသထက် မြင့်မားပြီး သစ်တောသစ်ပင်များ ဖုံးအုပ်လျက်ရှိသဖြင့် ပိုမိုအေးမြသော သဘာဝပတ်ဝန်းကျင်ရှိသည့် နေရာတစ်ခုပင်ဖြစ်ပါသည်။

ပုပ္ပားတောင်ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်တို့မှာ ပုဂံခေတ်မှသည် ရှေးမင်းအဆက်ဆက်တို့ စိတ်ဝင်စားသည့် နေရာတစ်ခုဖြစ်သဖြင့် ရာဇဝင်သမိုင်းကြောင်းများနှင့်အတူ ယဉ်ကျေးမှုတို့ ထွန်းကားရာ နယ်မြေတစ်ခုဖြစ်ပါသည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ပုဂံခေတ်စစ်လက်နက်များပြုလုပ်ရာ မြန်မာ့ရိုးရာ သံချက်ဖိုများ၊ ဆင်ကျုံးများနှင့် ရှင်ဘုရင်တို့၏ စစ်စခန်းများချရာ အဆောက်အအုံအုတ်မြစ်များလည်း ပုပ္ပားဒေသတွင်ရှိကြောင်း လေ့လာသိရှိရပါသည်။

ပုပ္ပားတောင်သည် မြန်မာနိုင်ငံ၏ သက်နှောင်းကပ် (Cenozoic Era) နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သော အလယ်မီးတောင်ရပ်ဝန်း (Central volcanic line) တွင် ပါဝင်သည့် မီးတောင်ဟောင်း တစ်ခုဖြစ်ကာ သမိုင်းမတင်မီခေတ်ကပင် မီးတောင်ဖြစ်စဉ် ပြီးဆုံးခဲ့ဟန်ရှိပါသည်။ ပုပ္ပားတောင်မကြီးသည် မူလက မီးတောင်ကတော့ ပုံသဏ္ဌာန်ရှိနေရာမှ နောက်ဆုံးအကြိမ် ပေါက်ကွဲမှုကြောင့် မြောက်ဘက်မျက်နှာသည် ပွင့်ထွက်သွားပြီး မြင်းခွာပုံ (တစ်ဖက်ပွင့် မီးတောင်) အဖြစ် တည်ရှိနေခြင်းဖြစ်ပါသည်။ ပွင့်ထွက်နေသော မီးတောင်ဝ နှုတ်ခမ်းတစ်လျှောက်တွင် တောင်ထွတ်များအနေဖြင့် ဆေးမွေတောင် ပင်လယ်ပြင်ထက်အမြင့် ၄၅၁၁ ပေ၊ စပါးပုံတောင် ၄၈၁၁ ပေ၊ မှန်ပြတောင် ၄၉၈၁ ပေ အသီးသီး တွေ့ရှိရပါသည်။ မီးတောင်ခွံ၏ အခြေသည် ပေ ၃၀၀၀ ခန့်တွင် တည်ရှိပါသည်။ ပုပ္ပားတောင်မကြီး၏ အနောက်ဘက်တောင်စောင်းတွင် မီးတောင်ပွားတစ်ခု၏ လည်တိုင်ဖြစ်သော မတ်စောက်ပြီး ထီးတည်းဖြစ်နေသည့် တောင်ကလပ်တစ်ခုလည်း တည်ရှိပါသည်။ ပုပ္ပားတောင်ကလပ်သည် အရှေ့တောင်အာရှအတွင်း ဘူမိရုပ်သွင်ထူးခြားသော ရင်သပ်ရှုမောဖွယ်လှပသော မီးတောင်လည်တိုင်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းမှလွဲ၍ အခြားအာရှနိုင်ငံများတွင် ယင်းကဲ့သို့လှပပြီး ဘူမိဖြစ်စဉ်အရ စိတ်ဝင်စားဖွယ် မီးတောင်လည်တိုင်မျိုး မတွေ့ရှိရပေ။

ပုပ္ပားတောင်မကြီးသည် ယခင်က မီးတောင်ကြီး ဖြစ်ခဲ့ခြင်းကြောင့် အဓိက မီးတောင်ကျောက်များအနေဖြင့် အင်ဒီဆိုက် (Andesite)၊ ဗဆော့ (Basalt)၊ ချော်စပေါင်းကျောက် (Pyroclastic rock)၊ မီးတောင်ပြာ (Volcanic Ash) များကို တွေ့ရှိရပြီး မီးတောင်ထိပ်ဝနှင့် မြောက်ဘက် ပွင့်ထွက်ရာအပိုင်းတွင် ချော်မှုန့်ကျောက် (Tuff)၊ ချော်ခဲကျောက် (Agglomerate)၊ မီးတောင် ဗရက်ရှာကျောက် (Volcanic Breccia) နှင့် ချော်စီးကြောင်း (Lava flow)၊ တို့ကို တွေ့ရှိရပါသည်။ တချို့နေရာများတွင် မီးတောင်ပြာလွှာများကို ချော်ခဲကျောက်လွှာများနှင့် လွှာထပ်လျက်တွေ့ရှိရပါသည်။

ပုပ္ပားမီးတောင်၏ သက်တမ်းနှင့် ဒေသအတွင်း တွေ့ရှိရသော ကျောက်များ

ပုပ္ပားမီးတောင်၏ သက်တမ်းနှင့်ပတ်သက်၍ အစောဆုံးခန့်မှန်းမှုအနေဖြင့် Dr.H.L. Chhibber ၏ ၁၉၂၇ ခုနှစ် ခန့်မှန်းချက်မှာ ပုပ္ပားတောင်၏ နောက်ဆုံးပေါက်ကွဲမှုမှာ နှစ်ပေါင်း သုံးသိန်းခန့်ကဟု ခန့်မှန်းခဲ့ပါသည်။ ဘူမိဗေဒအရ အချို့နေရာများတွင် နှစ်ပေါင်းနှစ်သန်းမှ သုံးသန်းခန့် သက်တမ်းရှိသော ဧရာဝတီကျောက်လွှာစု (Irrawaddy Formation) အထက်ပိုင်းရှိသဲကျောက်လွှာများနှင့် ပုပ္ပားမီးတောင်ကျောက်လွှာစဉ်၏ အောက်ပိုင်းရှိ မီးတောင်ပြာလွှာများ၊ ချော်မှုန့်ကျောက်လွှာများ၊ ချော်ခဲကျောက်လွှာများနှင့် လွှာထပ်လျက်တွေ့ရှိရခြင်းကြောင့် ပုပ္ပားဒေသ၏ မီးတောင်ဖြစ်စဉ်သည် လွန်ခဲ့သောနှစ်ပေါင်း နှစ်သန်းမှ သုံးသန်းခန့်ကာလ ပလိုင်အိုဆင်းယုဂ် (Pliocene Epoch) အတွင်းက စခဲ့သည်ဟု ယူဆရပါကြောင်း ဒေါက်တာဦးသိန်း၏ ၁၉၈၁ ခုနှစ် တောင်တော်ပုပ္ပားဆောင်းပါးတွင် ဖော်ပြထားပါသည်။

အခြားတစ်ဖက်တွင်လည်း ပုပ္ပားမီးတောင်သည် အကြိမ်ကြိမ်ပေါက်ကွဲခဲ့သဖြင့် နောက်ဆုံးပေါက်ကွဲချိန်မှာ နှစ်ပေါင်း ၈၀၀၀ မှ ၁၀၀၀၀ ခန့်က ဖြစ်ကြောင်းနှင့် ပုပ္ပားတောင်မကြီး၏ အရှေ့ မီးတောင်လည်တိုင် တစ်ခုဖြစ်သော တောင်ကလပ်သည် လွန်ခဲ့သော နှစ်ပေါင်း ရှစ်သိန်းမှ ခြောက်သိန်းဝန်းကျင်ခန့်အတောအတွင်းက ဖြစ်ပေါ်ခဲ့ကြောင်း ဘူမိဗေဒပညာရှင်များဖြစ်သော A. Belousov et. al., (၂၀၁၈) နှင့် Takashi Sano et. al., (၂၀၂၂) တို့၏ သုတေသနစာတမ်းများတွင် ဖော်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ပုပ္ပားမီးတောင်ကြီး၏ အောက်ခြေခံကျောက်လွှာတစ်ခုဖြစ်သည့် ဧရာဝတီကျောက်စဉ်စုမှ သဲကျောက်လွှာများသည် ဘူမိဥယျာဉ်အတွက် အရေးပါသော ကျောက်ပင်ဖြစ်သည်။ ထို့အတူ ဧရာဝတီကျောက်စဉ်စု၏ သဲကျောက်လွှာများအတွင်း ဘူမိဗေဒနှင့် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်တို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းသစ်ပင်များ (အင်ကြင်းကျောက်) နှင့် ကျောရိုးရှိသတ္တဝါများ အထူးသဖြင့် ရှေးဟောင်းဆင်ကြီးများ၏ မေးရိုး၊ သွားနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ၊ ကျွဲ၊ နွားအနွယ်ဝင်သတ္တဝါတို့၏ ရုပ်ကြွင်းများနှင့် မိကျောင်း၊ လိပ်တို့၏ ကျောရိုးများကို တွေ့ရှိရပါသည်။

ပုပ္ပားတောင် အနောက်ပိုင်းရှိ ကိုးကွေ့နှင့် ဒေါင်းယူကြိုးဝိုင်းတို့သည် ကျောက်ဖြစ် ရုပ်ကြွင်းသစ်ပင်များ၊ သစ်တောကြီးနှင့် ရှေးဟောင်းသတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများဖြင့် ဖုံးလွှမ်းနေသော ဒေသကြီးဖြစ်ပါသည်။ ထို့ပြင် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်အတွင်း မီးတောင်ဖြစ်ထွန်းမှုနှင့်ဆက်စပ်၍ သတ္တုဖြစ်ထွန်းမှုများအနေဖြင့် စက်မှုကုန်ကြမ်းများဖြစ်သည့် မင်းဂနိစ်၊ မြေဖယောင်း၊ ပိုဇိုလန် (မီးတောင်ပြာ) တို့ကို တွေ့ရှိရပြီး တန်ဖိုးရှိ ရွှေနှင့် ကြေးနီသတ္တုသိုက်များလည်း ဖြစ်ထွန်းနိုင်ပါကြောင်း ဘူမိဗေဒဆိုင်ရာ လေ့လာတွေ့ရှိချက်များအရ သိရှိရပါသည်။

သစ်တောနှင့် ဇီဝမျိုးကွဲကဏ္ဍ

သစ်တောဦးစီးဌာနအနေဖြင့် ပုပ္ပားတောင် သစ်တောဥယျာဉ်ကို ၁၉၉၃ ခုနှစ်တွင် အများပြည်သူများ လေ့လာအပန်းဖြေရန် စတင်ဖွင့်လှစ်ခဲ့ပြီး ဥယျာဉ်အတွင်း ပရဆေးဥယျာဉ်နှင့် ပြခန်းတည်ထောင်၍ ပုပ္ပားတောင်ဒေသ၏ ဆေးဖက်ဝင်အပင်များကို စိုက်ပျိုးပြသထားပါသည်။ စန္ဒကူးတောအနေဖြင့် ၁၉၅၇-၅၈ ခုနှစ်တွင် သစ်တောမင်းကြီးဟောင်း ဦးစု စတင်စိုက်ပျိုးရာမှ ဖြစ်ပေါ်လာသော စန္ဒကူးတောအတွင်း မြန်မာ့ရွှေသမင်များ မွေးမြူ၍ ကာကွယ်ထိန်းသိမ်းထားရှိပါသည်။ ထို့အပြင် ပုပ္ပားမီးတောင် ချိုင့်ဝှမ်းအတွင်း ကမ္ဘာ့ရှားပါးမျိုးစိတ်ဝင် ပုပ္ပားမျောက်မြီးရှည် (Popa Langur) များကို ကာကွယ်ထိန်းသိမ်းထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများ

ပုပ္ပားဒေသသည် ပုဂံခေတ်သမိုင်းကြောင်းများနှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိရာ ပုပ္ပားတောင်၏ အနောက်တောင်ဘက်ရှိ သံဖိုရွာဝန်းကျင်တွင် ပုဂံခေတ်ကဟု ယူဆရသော သံချက်ဖိုဟောင်းနေရာများကိုလည်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာဝန်းကျင်ရှိ ဧရာဝတီကျောက်လွှာစုမှ သဲကျောက်လွှာများအတွင်း၌လည်း တိရစ္ဆာန်များနှင့် အပင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း အရွယ်အစားအမျိုးမျိုးဖြင့် တွေ့ရှိရခြင်းကြောင့် အတိတ်သမိုင်းဆိုင်ရာဘူမိပတ်ဝန်းကျင်နှင့် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် များစွာ စိတ်ဝင်စားစရာကောင်းသော နေရာတစ်ခုအနေဖြင့် တွေ့ရှိရပါသည်။ ။

(ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ် တည်ထောင်ခြင်းဆိုင်ရာနှင့် ဘူမိဥယျာဉ်အတွင်းရှိ ဘူမိနယ်မြေ (Geosites) များဆိုင်ရာ အကြောင်းအရာများကို အပိုင်း-၂ တွင် ဆက်လက်ဖော်ပြပါမည်)

စလင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများ ထုတ်ပေး

စလင်း ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ရှိ အာလူးလယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အာလူးမျိုးထိန်းသိမ်းရေးလုပ်ငန်း အအေးခန်းတည်ဆောက်ရန်နှင့် အာလူးစိုက်ပျိုးရေး လုပ်ငန်းများအတွက် စလင်းမြို့နယ် နိုင်ငံ့စီးပွား မြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီမှ ချေးငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပတ္တမြားခန်းမ၌ ကျင်းပသည်။

ချေးငွေပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်က ဆင်ဖြူကျွန်းမြို့ အာလူးလယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် အာလူးမျိုးထိန်းသိမ်းရေးလုပ်ငန်း အအေးခန်းတည်ဆောက်ရန် အသင်းသား ၂၁ ဦးအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ပံ့ပိုးချေးငွေကျပ်သန်း ၂၀၀ နှင့် အာလူးစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် အသင်းသား ၂၉ ဦးအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ်သန်း ၂၀၀ စုစုပေါင်း ကျပ်သန်း ၄၀၀ ထုတ်ချေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ချေးငွေစာချုပ်ပါ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းများတွင် ချေးငွေများကိုအသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက် လုပ်ကိုင်ကြစေလိုကြောင်းနှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ချေးငွေများ ထုတ်ပေးခဲ့သည် ။

အဆိုပါချေးငွေများကို ချေးငွေ သက်တမ်းတစ်နှစ်တွင် လျှော်ထား အတိုးနှုန်း ၀ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ပြီး အတိုးနှုန်းများကို ခြောက်လလျှင် တစ်ကြိမ် ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

မောင်လွင် (စလင်း)

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၇ ရက်က ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းအောင်က မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများ၊ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးနည်းလမ်းများကို ဟောပြောကာ ဂက်စ်မီးဖို မီးငြိမ်းသတ်နည်းများ၊ စက်သုံးဆီမီးလောင်ကျွမ်းမှု ငြိမ်းသတ်နည်းများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံများ၊ မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်ပုံများကို သရုပ်ပြစဉ်။ (သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် ဌာနဆိုင်ရာများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။)

မိုးစက် (ပြန်/ဆက်)

ဆော်ဒီအာရေဗျကလပ် အယ်နာဆာ တိုက်စစ်မှူးကြီး ခရစ်စတီယာနို ရော်နယ်ဒိုရဲ့ ဂိုးသွင်းသတင်းကတော့ ငှင်းကစားတဲ့ အပတ်တိုင်း၊ ရက်တိုင်း ပြောရမလိုပါပဲ။ လာမယ့် ဖေဖော်ဝါရီ ၅ ရက်ဆိုရင် အသက် ၃၉ နှစ် ပြည့်တော့မယ့် စီရော်နယ်ဒိုဟာ လက်ရှိအချိန်အထိ သွင်းဂိုးတွေ ဆက်တိုက်သွင်းပြနေတာကြောင့် အသက် အရွယ်ရလာလေ ခြေစွမ်းကောင်းတွေ ပိုမိုပြသနိုင်လေ ဖြစ်နေခဲ့တာပါ။

လူငယ်ကစားသမားတွေနဲ့ပြိုင်ပြီး ၂၀၂၃ ခုနှစ်မှာ ဂိုးသွင်းအများဆုံးဖြစ်လာတဲ့ စီရော်နယ်ဒို

တိုက်စစ် တစ်နေရာစာအတွက် အားဖြည့်ဖို့ ခေါ်ယူခဲ့တဲ့ စီရော်နယ်ဒိုတစ်ယောက် သွင်းဂိုးတွေ တရစပ် သွင်းပြနေတာက အယ်နာဆာနည်းပြ လူးဝစ် ကက်စ်ထရိုနဲ့ အသင်းပရိသတ်တွေအတွက် မတောင်းဘဲ ပြည့်တဲ့ ဆုလာဘ်တစ်ခုလည်း ဖြစ်လာခဲ့ပါတယ်။

အာရပ်ကလပ်ချန်ပီယံဖလား ပထမဆုံးအကြိမ် ဆွတ်ခူး

အယ်နာဆာ အသင်းဟာ တိုက်စစ်ကစားသမား တိုက်စစ်မှူးကြီး စီရော်နယ်ဒိုကို ခေါ်ယူခဲ့ပြီးတဲ့နောက်ပိုင်း အသင်းရဲ့ တိုက်စစ်ပိုင်းက ပြီးပြည့်စုံတဲ့ တိုက်စစ်စုဖွဲ့မှုကို ပိုင်ဆိုင်သွားခဲ့တယ်လို့ ဆိုနိုင်တယ်။ စီရော်နယ်ဒို အယ်နာဆာကိုရောက်ပြီး မကြာမီမှာပဲ အာရပ်ကလပ်ချန်ပီယံဖလားကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်တဲ့အထိ အောင်မြင်မှုရရှိခဲ့တယ်။

မှတ်တမ်းကောင်းတွေ ပိုင်ဆိုင်ထားတဲ့သူ

ပြောမယ်ဆိုရင် စီရော်နယ်ဒိုဟာ ဘောလုံးလောကရဲ့ စံချိန်များရှင် မှတ်တမ်းကောင်းတွေ ပိုင်ဆိုင်ထားတဲ့သူအဖြစ် သတ်မှတ်ခြင်းခံထားရသူဖြစ်တဲ့ အပြင် ဘောလုံးလောကမှာရှိတဲ့ ကစားသမားတွေ လေးစားအားကျရတဲ့သူဖြစ်ပြီး လူငယ်ကစားသမားတွေရဲ့ စံနမူနာထားရတဲ့သူ တစ်ယောက်လည်း ဖြစ်ပါတယ်။

အသက် ၃၀ နောက်ပိုင်း သွင်းဂိုး ၄၀၀ ကို ကျော်လွန်လာ

ငှင်းအသက် ၃၀ ပြည့်ပြီးနောက်ပိုင်း သွင်းဂိုးအရေအတွက်ဟာဆိုရင် ၄၀၀ ကို ကျော်လွန်လာပြီ ဖြစ်ပါတယ်။ အဲဒီသွင်းဂိုးအရေအတွက်ဟာ ဂန္ထဝင်ကစားသမားတွေဖြစ်တဲ့ မန်ယူအသင်းဖော်ဟောင်း ဝိန်းရွန်းနေ၊ ချယ်ဆီးကစားသမားတွေဖြစ်တဲ့ ဒီဒီယာဒရော့ဘာ၊ ရှက်ဗ်ချန်ကိုတို့ရဲ့ ကစားသမားဘဝ တစ်လျှောက် သွင်းယူခဲ့တဲ့ သွင်းဂိုးတွေထက်ပင် ပိုပြီး များပြားနေပါတယ်။ ဒါ့အပြင် တောရက်စ်၊ ခရက်စပို့၊ အင်ဇာဂီ၊ ဗန်ပါစီ၊ နစ္စတယ် ရွိုင်းစတဲ့ ကစားသမားတွေထက်လည်း များပြားနေပါတယ်။

၅၃ ဂိုးနဲ့ ဦးဆောင်ထား

စီရော်နယ်ဒိုဟာ လက်ရှိ

၂၀၂၂-၂၀၂၃ ဆော်ဒီပရိုလိဂ်

စီရော်နယ်ဒို (၃၈ နှစ်)
အယ်နာဆာ (တိုက်စစ်)
၁၇ ပွဲကစား ၁၉ ဂိုးသွင်း

> **စီရော်နယ်ဒိုလို အသက်အရွယ်နဲ့ စွမ်းဆောင်နိုင်မှုမျိုး အရင်ကလည်း မရှိခဲ့သလို နောင်လည်း ရှိလာဖို့ မလွယ်ကြောင်း ဘောလုံးကျွမ်းကျင်သူတွေက ချင့်တွက်သုံးသပ်**

၂၀၂၃ ခုနှစ်အတွက် သွင်းဂိုးအများဆုံး ကစားသမားစာရင်းမှာဆိုရင်လည်း ဘိုင်ယန်မြူးနစ် တိုက်စစ် ကစားသမား ဟာရီကိန်း (၅၂ ဂိုး)၊ ပီအက်စ်ဂျီတိုက်စစ် ကစားသမား အမ်ဘာပေ (၅၂ ဂိုး) တို့ကို ကျော်ဖြတ်ကာ ၅၃ ဂိုးနဲ့ ဦးဆောင်ထားပါတယ်။ ဒါ့အပြင် စီရော်နယ်ဒိုအနေနဲ့ ဒီဇင်ဘာ ၃၁ ရက်မှာ အယ်တာဝန်းအသင်းနဲ့ ကစားရဖို့ တစ်ပွဲကျန်ရှိနေပါသေးတယ်။

ကိန်းနဲ့ အမ်ဘာပေတို့က ၂၀၂၃ ခုနှစ်အတွင်း ပွဲကစားရဖို့ မကျန်ရှိတော့တဲ့အတွက် စီရော်နယ်ဒိုရဲ့ ၂၀၂၃ ခုနှစ် သွင်းဂိုးအရေအတွက်ကို ကျော်လွန်နိုင်ဖွယ် ရှိတာဆိုလို့ ဂိုး ၅၀ သွင်းယူထားတဲ့ မန်စီးတီး တိုက်စစ်ကစားသမား ဟာလန်းတစ်ယောက်သာ ရှိတော့တယ်။

နောင်လည်း ရှိလာဖို့ မလွယ်

ဒါပေမယ့် ဟာလန်းက ဒဏ်ရာအနာတရနဲ့ ရှန်းကန်နေရတဲ့အပြင် ၂၀၂၃ ခုနှစ်အတွင်း တစ်ပွဲသာ ကစားရဖို့ကျန်ရှိတော့တာကြောင့် စီရော်နယ်ဒိုရဲ့ သွင်းဂိုးအရေအတွက်ကို မီဖို့ဆိုတာ မဖြစ်နိုင်ကြောင်း၊ နောက်ပြီး စီရော်နယ်ဒိုလို အသက်အရွယ်နဲ့ စွမ်းဆောင်နိုင်မှုမျိုး အရင်ကလည်း မရှိခဲ့သလို နောင်လည်း ရှိလာဖို့ မလွယ်ကြောင်း ဘောလုံးကျွမ်းကျင်သူတွေက ချင့်တွက်သုံးသပ်ကြတယ်။

ဆက်လက်ရပ်တည်နိုင်

တိုက်စစ်မှူး စီရော်နယ်ဒိုဟာ မြန်နှုန်းမြင့် စွမ်းဆောင်ရည်၊ နေရာယူမှုမှန်ကန်မှုနဲ့ ဂိုး ဧရိယာအတွင်း အဆုံးသတ် တိကျသေချာမှုတွေကြောင့် လူငယ်ကစားသမားတွေကို ကျော်ဖြတ်ကာ ကမ္ဘာ့ထိပ်တန်း ကစားသမားတစ်ဦးအဖြစ် ခြွင်းချက်မရှိ ဆက်လက်ရပ်တည်နိုင်တာ ဖြစ်တယ်။ လက်ရှိ ဆော်ဒီပရိုလိဂ် ထိပ်တန်းဂိုးသွင်းအများဆုံး စာရင်းမှာလည်း စီရော်နယ်ဒိုက ၁၉ ဂိုးနဲ့ ဦးဆောင်ထားတယ်။

မည်သို့ပင်ဆိုစေ ၂၀၂၃ ခုနှစ် (ပြက္ခဒိန်တစ်နှစ်) အတွင်းမှာတော့ လူငယ်ကစားသမားတွေနဲ့ ဂိုးသွင်းပြိုင်ရာမှာ စီရော်နယ်ဒို အနိုင်ရရှိသွားပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

PREMIER LEAGUE GAME WEEK 20

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၂၀) ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အမှတ်ပေးဇယား ဦးဆောင်သူ လီဗာပူးက ကစားရခက်တဲ့ နယူးကာဆယ်၊ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ရမှတ်လိုအပ်ချက်ရှိနေတဲ့ လူတန်က ချယ်ဆီးနဲ့ ဆုံတွေ့နေတဲ့ ပွဲစဉ်တွေ ပါဝင်ပါတယ်။

လူတန် Vs ချယ်ဆီး

လူတန်နဲ့ ချယ်ဆီးအသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး နှစ်ပွဲရလဒ်

စနေနေ့	ည – ၇း၀၀	Kenilworth Road
ချယ်ဆီး ၃ – ၀ လူတန်		ပရီမီယာလိဂ်
လူတန် ၂ – ၃ ချယ်ဆီး		အက်ဖ်အေ

နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲနဲ့အတူ လူတန်ရဲ့ ခြေစွမ်းက တည်ငြိမ်လာတယ်။ ချယ်ဆီးက ပြီးခဲ့တဲ့ပွဲမှာ ပဲလေ့စ်ကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ခက်ခက်ခဲခဲ ကစားခဲ့ရတယ်။ ချယ်ဆီးထက် တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ကြိုးစားလာမယ့် လူတန် ရလဒ်ကောင်း ရရှိဖွယ်ရှိတယ်။

နော်တင်ဟမ် Vs မန်ယူ

နော်တင်ဟမ်နဲ့ မန်ယူအသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး နှစ်ပွဲရလဒ်

တနင်္ဂနွေနေ့	နံနက် – ၁၂း၀၀	The City GroundRoad
မန်ယူ ၃ – ၂ နော်တင်ဟမ်		ပရီမီယာလိဂ်
နော်တင်ဟမ် ၀ – ၂ မန်ယူ		ပရီမီယာလိဂ်

နော်တင်ဟမ်က နည်းပြသစ်လက်ထက်မှာ နယူးကာဆယ်ကို ဂိုးပြတ်နိုင်တဲ့အထိ ခြေစွမ်းထက်မြက်လာတယ်။ မန်ယူက ပြီးခဲ့တဲ့ပွဲမှာ တိုက်စစ်ထက်မြက်တဲ့ ဗီလာကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းတည်ငြိမ်မှု မရှိသေးဘူး။ သို့သော်လည်း နော်တင်ဟမ်ကို မန်ယူ နိုင်ဖွယ်ရာရှိတယ်။

ဖူလ်ဟမ် Vs အာဆင်နယ်

ဖူလ်ဟမ်နဲ့ အာဆင်နယ်အသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး နှစ်ပွဲရလဒ်

တနင်္ဂနွေနေ့	ည– ၈း၃၀	Craven Cottage
အာဆင်နယ် ၂ – ၂ ဖူလ်ဟမ်		ပရီမီယာလိဂ်
ဖူလ်ဟမ် ၀ – ၃ အာဆင်နယ်		ပရီမီယာလိဂ်

နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ခြေကုန်ထုတ်လာမယ့် ဖူလ်ဟမ်အသင်းအနေနဲ့ အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်ခွင့်ရဖို့ ကြိုးစားလာမယ့် အာဆင်နယ်ကို ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိတယ်။ သို့သော်လည်း တိုက်စစ်ပိုင်း သာလွန်မှုရှိတဲ့ အာဆင်နယ်ကို ဖူလ်ဟမ် အမြင့်ဆုံး သရေရမယ်။

လီဗာပူး Vs နယူးကာဆယ်

လီဗာပူးနဲ့ နယူးကာဆယ်အသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

အင်္ဂါနေ့	နံနက်– ၂း၃၀	Anfield
ကာဆယ် ၁ – ၂ လီဗာပူး		ပရီမီယာလိဂ်
ကာဆယ် ၀ – ၂ လီဗာပူး		ပရီမီယာလိဂ်
လီဗာပူး ၂ – ၁ ကာဆယ်		ပရီမီယာလိဂ်

နယူးကာဆယ်က ရာသီအစပိုင်းမှာ ခြေစွမ်းထက်မြက်မှုရှိခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်း သိသိသာသာ ကျဆင်းလာတယ်။ ပြီးခဲ့တဲ့ပွဲမှာဆိုရင် တန်းဆင်းဇုန်အထက်က နော်တင်ဟမ်ကို ဂိုးပြတ်ရှုံးတယ်။ လီဗာပူးက အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ဖို့ အမှားအယွင်းခံမှာ မဟုတ်ဘဲ အသင်းကို အဓိက ကစားသမားအများစုနဲ့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိပြီး လီဗာပူး ကပ်နိုင်ဖွယ်ရှိတယ်။

■ မိုးဇက် – စုစည်းသည်

မန္တလေးမြို့တွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲကို ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၂၉

မန္တလေးမြို့တွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီမှ စတင်၍ ၂၆ လမ်းနှင့် ၆၆ လမ်း(ကျုံးထောင့်)တွင် နိုင်ငံကျော်သရုပ်ဆောင်များ၊ အဆိုတော်များ၏ ဖျော်ဖြေမှုများနှင့်အတူ ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၃၁ ရက်ည နှစ်သစ်ကူးပွဲအတွက် ၂၆ လမ်းနဲ့ ၆၆ လမ်းထောင့်မှာ ဖျော်ဖြေရေးစင်မြင့် ထားရှိမှာပါ။ Countdown ရေတွက်တာပြသဖို့ LED Board စီစဉ်ထားပါတယ်။ ဒီနှစ် နှစ်သစ်ကူးအထိမ်းအမှတ်မှာ ပျော်ပွဲရွှင်ပွဲအနေနဲ့ နိုင်ငံကျော်သရုပ်ဆောင်နဲ့ အဆိုတော်တွေက သီဆိုဖျော်ဖြေမယ်။ နှစ်သစ်ကူးချိန် ည ၁၂ နာရီမှာ Countdown ရေတွက်ပြီး မီးရှူးမီးပန်းတွေ လွှတ်ပါမယ်" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတွင် ပါဝင်သီဆိုဖျော်ဖြေကြမည့် နိုင်ငံကျော် သရုပ်ဆောင်နှင့် အဆိုတော်များဖြစ်သည့် ဂျက်မြသောင်း၊ ထူးအယ်လင်း၊ မယ်လိုဒီ၊ သားစိုး၊ မင်းထက်ကျော်ဇင်၊ ဆူဇီ၊ မီးနို၊ ကေကေမိုး၊ ဂေးဂေး၊ ထွန်းရတီ၊ ဇော်ကို၊ ဇာနည်အောင်တို့က မန်းစည်ပင်ခေတ်ပေါ်တေးဂီတနှင့် တွဲဖက်ပြီး မြန်မာ့ရိုးရာဆိုင်းဝိုင်းတော်ကြီးတို့အပြင် DJ တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီကတည်းက လမ်းပိတ်လမ်းလွှဲတွေ လုပ်ပါမယ်။ ကား/ဆိုင်ကယ်တွေ အပ်နှံဖို့နေရာတွေ စီစဉ်ထားမှာဖြစ်ပြီး စားသောက်ဆိုင်ခန်း ၂၀ လောက်ရှိပါမယ်။ လုံခြုံရေးအရ သေချာစနစ်တကျ စိစစ်ပြီး ဝင်ခွင့်ပေးမှာပါ။ နှစ်သစ်ကူးပွဲတော်ကို မန္တလေးပြည်သူများနဲ့ အခြားဒေသကပြည်သူတွေ လာရောက်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ယခင်နှစ် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးပွဲကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပခဲ့ပြီး ယခုနှစ်သစ်ကူးပွဲကို သွားလာရေးလွယ်ကူစေရန်အတွက် ၂၆ လမ်းနှင့် ၆၆ လမ်း(ကျုံးထောင့်)တွင် ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **မောင်အေးချမ်း**

မန္တလေးမြို့တွင် ယခင်နှစ်က ကျင်းပသည့် နှစ်သစ်ကူးပွဲ မြင်ကွင်းကို တွေ့ရစဉ်။

နိုဝင်ဘာလတွင် ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းမှ တစ်ဆင့် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၄၀၀၀ တန်ကျော် တင်ပို့ရောင်းချနိုင်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၉

နိုဝင်ဘာလတွင် ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၄၀၀၀ တန်ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

ပြောင်းကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၃၁၁၇၀၊ စင်ကာပူနိုင်ငံသို့ ပြောင်း၂၉ တန်နှင့် တရုတ်(တိုင်ပေ)သို့ ပြောင်းတန်ချိန် ၁၉၀ ကျော် စုစုပေါင်း ပြောင်း ၃၁၃၈၉ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။ ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၂၀၀၀ နှင့် ထိုင်းနိုင်ငံသို့ ပြောင်း ၉၈၈ တန် စုစုပေါင်း ပြောင်း ၁၂၉၈၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ ပြောင်းသီးနှံကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ပင်လယ်ရေကြောင်းမှ ဒေါ်လာ ၇ ဒသမ ၆၀၁ သန်းတန်ဖိုးရှိ ပြောင်း ၃၁၃၈၉ တန်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၉ သန်းတန်ဖိုးရှိ ပြောင်း ၁၂၉၈၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ တင်ပို့ရောင်းချပေးနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပြောင်းစိုက်ဧက ၁ ဒသမ ၂ သန်းခန့်အထိရှိပြီး တန်ချိန် ၂ ဒသမ ၆ သန်းကျော်ထွက်ရှိကာ မြန်မာ့ထွက်ကုန်မှ ပြည်ပတင်ပို့မှုများအနက် ဒုတိယအများဆုံး နိုင်ငံခြားဝင်ငွေရရှိသည့် ကုန်စည်ဖြစ်ကြောင်းလည်း သိရသည်။ **MT**

ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၉ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၄၄၀ ကျပ်	၂၄၉၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၄၈၀ ကျပ်	၂၅၃၀ ကျပ်
အောက်တိန်း ၉၂	၂၅၅၀ ကျပ်	၂၆၀၀ ကျပ်
အောက်တိန်း ၉၅	၂၆၅၅ ကျပ်	၂၇၀၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Su Mana" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက်နေ သန်းငွေအား မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "Min Min Thiha" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဘီးလင်းတန်းရပ်ကွက်နေ သန်းမြတ်စိုး(ခ) မြတ်ကြီးအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)	
FMI	၈၇၀၀	၈၈၀၀	၅၆	၄၈၇၂၀၀	
MTSH	၂၈၅၀	၂၈၅၀	၅၉	၁၆၈၁၅၀	
MCB	၈၀၀၀	၈၀၀၀	၈၅၀၀	၆၈၀၀၀၀၀၀	(Block Trading)
FPB	၁၆၀၀	၁၆၀၀	၉၃၃	၁၄၉၂၈၀၀	
TMH	၂၅၀၀	၂၅၀၀	၂၀	၅၀၀၀၀	
EFR	၂၀၀၀	၂၀၀၀	၇၆၁	၁၄၈၄၅၀၀	
AHPC	၄၈၀၀	၄၈၀၀	၄၇	၂၂၅၆၀၀	
MAEPC	၁၇၅၀	၁၇၅၀	၅၆၈	၉၈၁၅၀၀	

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ၊ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဒေါ်ပန်ထက်ထက်နိုင်	၁၂/ဒဂတ(နိုင်)၀၄၉၀၃၁	၁၀/က၊ မြိတ်လမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၁	၁၀	ဒေါ်ညိုညိုဝင်း
၂	ဦးစမူကွန်း	၁၂/ဒဂတ(နိုင်)၀၀၄၇၂၁	၁၄၆၂/က၊ မြစ်ပါယ်လမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၄	၁၄၆၂	ဦးပရမဓမ္မ
၃	ဦးလှမင်းထွေး	၁၂/ဗဟန(နိုင်)၀၀၄၁၁၁	၁၆၄/ခ၊ တောင်ငူလမ်း(ခ)အလောင်းဘုရားလမ်း၊ ၁-ရပ်ကွက်၊လှိုင်သာယာ(အရှေ့ပိုင်း)	၁၂	၁၆၄	ဦးအောင်သိန်း
၄	ဦးဘအေး	၁၄/ကကန(နိုင်)၀၆၈၀၅၈	၁၇/ခ၊ ရွှေဘုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂၈/၁	၁၇	ဒေါ်ယုယုဆွေ
၅	ဦးဆန်းနိုင်	၉/အမရ(နိုင်)၁၀၁၄၆၅	၁၄၂/ခ၊ မြရတနာလမ်း၊ ၂-ရပ်ကွက်၊ရွှေပြည်သာ	၃၀	၁၄၂	ဦးအောင်လင်း
၆	ဦးကျော်မိုး	၁၂/မရက(နိုင်)၀၇၅၂၉၁	၅၉၊ ရေကူးတောင်ပိုင်းလမ်း၊ ၉-ရပ်ကွက်၊ မရမ်းကုန်း	၄၄/ကံဘဲ့	၅၉ အစိတ်အပိုင်း	ဦးမောင်ကြီး၊ ဒေါ်စိန်
၇	ဦးဘုန်းမြတ်သူ	၁၂/ဒဂတ(နိုင်)၁၅၇၀၅၁	၁၉၄၄/ခ၊ ကျန်စစ်သားလမ်းနှင့်၊ ဗိုလ်မင်းရောင်(၂)လမ်းထောင့်၊ ၇၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၇၁	၁၉၄၄/ခ	ဦးသိန်းထွန်းလတ်၊ ဒေါ်စန်းစန်း
၈	ဦးထွန်းလွင်	၉/ရမသ(နိုင်)၀၀၀၉၂၀	၄၁၈/ခ၊ မင်္ဂလာလမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)	သကမ-၆	၄၁၈	ဦးအောင်ဝင်း
၉	ဦးဇော်လင်းထွန်း	၁၄/ဟသတ(နိုင်)၀၄၇၉၈၇	၆၄၉/ခ၊ ဗိုလ်အောင်ကျော်လမ်း၊ ၁၄-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)	သကမ-၁၃	၆၄၉/ခ	ဒေါ်နွဲ့နွဲ့ဝင်း
၁၀	ဦးမြင့်နိုင်	၅/မမန(နိုင်)၀၈၀၈၈၉	၁၁၉၇/ခ၊ တောင်ငူလမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)	သကမ-၁၃	၁၁၉၇/ခ	ဦးသိန်းဖေ
၁၁	ဒေါ်မြမြစမ်း	၁၂/ဥကမ(နိုင်)၀၀၄၄၃၉	၃၁၀/ခ၊ သုမေ္ဓာလမ်း၊ ၈-ရပ်ကွက်၊ မြောက်ဥက္ကလာပ	၈	၃၁၀	ဦးတင်အေး+ဒေါ်မေသန်း
၁၂	ဦးပြည့်စုံထက်	၁၂/ဒဂတ(နိုင်)၀၆၃၀၆၇	၁၃၆၁/က၊ ပုဂံလမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၅၆	၁၃၆၁/က	ဦးမူတုးဆာမိ
၁၃	ဒေါ်ထိုက်ယွေး	၁/မစန(နိုင်)၀၀၅၂၄၇	၆၃၀/က၊ မြရတနာ(၃)လမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၄	၆၃၀	ဦးကိုကိုဦး
၁၄	ဒေါ်ရီရီနိုင်	၁၄/ကပန(နိုင်)၀၃၉၈၀၉	၆၇/က၊ ဗမ္ဗူသီရိ(၃)လမ်း (အနောက်)နှင့် ဗမ္ဗူသီရိလမ်းထောင့်၊ ၆/အနောက်ရပ်ကွက်၊ သာကေတ	၆/အနောက်	၆၇/က	ဦးရွှေသွင်၊ ဦးပါအို၊ ဦးစိုးလွင်

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိတ္ထီလာမြို့နယ် အိုင့် - သနပ်အိုင့်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားဖွင့်လှစ်

မိတ္ထီလာ ဒီဇင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်းပေါ်ရှိ သံကူကွန်ကရစ် တံတားဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။

တံတားဖွင့်ပွဲတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာစေရေးအတွက် ဦးစားပေးဆောင်ရွက်ရာတွင် ပထဝီအနေအထားအရ အတားအဆီးများဖြစ်သည့် မြစ်ချောင်းများတွင် တံတားများ တည်ဆောက်ပေးခြင်း၊ မြို့ပြနှင့် ကျေးလက်လမ်းများကို ရာသီမရွေး သွားလာနိုင်အောင် ဖောက်လုပ်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သံကူကွန်ကရစ်တံတားကြီးကြောင့် အိုင့်နှင့် သနပ်အိုင့်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အနီးနားကျေးရွာများမှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားကာ အိုင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုလေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ တံတားတည်ဆောက်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် အိုင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေ ကျပ်သန်း ၄၈၀ ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် မေ ၁၅ ရက်က စတင်တည်ဆောက်ခဲ့သည်။ အရှည် ပေ ၁၅၀၊ ယာဉ်သွားလမ်းအကျယ် ပေ ၂၀ ရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ဘိုးပိုင်ဖောင်ဒေးရှင်း အမျိုးအစားနှင့် ကိုယ်ထည်အပိုင်းမှာ သံကူကွန်ကရစ်ရက်မ (RCC Girder)နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တံတားခံနိုင်ဝန် ခွင့်ပြုတန်ချိန်မှာ ၃၆ တန်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ဆီဆိုင်မြို့နယ်၌ ဗျာနသုံးခုပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြော

ဆီဆိုင် ဒီဇင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ပန်းကန်းကျေးရွာ အထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၇ ရက်က ကျင်းပကာ ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဦးကြီးဒဲရယ်က လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် စာရိတ္တ ခေါင်းစဉ်၊ မြို့နယ် အား/ကာ ဦးစီးမှူး ဦးဇော်ထွန်းက ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ပြီး အားကစားကို စိတ်ပါဝင်စားသည့် လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် လူငယ်နှင့် အားကစား ခေါင်းစဉ်များဖြင့် ဟောပြောကြပြီး အား/ကာ ဦးစီးမှူးက ကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **မျိုးမြတ်(ဆီဆိုင်)**

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၁၆.က/၃/၁၊ ဦးပိုင်အမှတ် (၆-က)၊ ရန်-မန်းလမ်းအရှေ့ဘက်၊ နွားမကြီးလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နှင်းနွယ်စိုး ၉/အမရ(နိုင်)၀၀၆၀၂၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၂၉၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြိုးဖြိုး ၁/ဗမန(နိုင်) ၀၅၅၄၈၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရေဦးမြို့နယ်၌ လွတ်လပ်ရေးနေ့အကြို စာအုပ်စာစောင်ပြပွဲနှင့် ပြိုင်ပွဲများကျင်းပ

ရေဦး ဒီဇင်ဘာ ၂၉

ကျောင်းသားလူငယ်များ လွတ်လပ်ရေးနေ့အကြောင်း သိရှိစေရန်နှင့် လွတ်လပ်ရေးကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ် ပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ရေဦးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပသည်။

ပြိုင်ပွဲ မစတင်မီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေဝင်းက ပြိုင်ပွဲစည်းကမ်းများနှင့် လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး ပြိုင်ပွဲများကျင်းပရာ စိတ်ကြိုက်ပန်းချီပြိုင်ပွဲတွင် အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၅ ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၀ ပါဝင်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများအား ဆုနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဦးစီးအရာရှိက ပေးအပ်သည်။

ပြိုင်ပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော စာအုပ်/စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ဗိုလ်ချုပ် အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်နှင့် အမှတ်တရစကားများပါသော လွတ်လပ်ရေးနေ့ အသိပညာပေး နံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြပြီး ဖတ်ရှုလိုသည့် စာအုပ်များကိုလည်း ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

သန်းသန်း (ရေဦး)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန ကွပ်ကဲမှုအောက်ရှိ ဈေးများနှင့် ပွဲရုံစခန်းများမှ ယာဉ်ဝင်ခ၊ သန့်စင်ခန်းဝင်ခ ကောက်ခံခြင်းလုပ်ငန်းများနှင့် ပွဲရုံစခန်းများရှိ အငှားချလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှင့် (၁-၄-၂၀၂၄ မှ ၃၁-၃-၂၀၂၅ထိ) အငှားချထားရန်အတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁-၁-၂၀၂၄ရက်မှ ၂၂-၁-၂၀၂၄ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ**

ဈေးယာဉ်/သန့်စင်ခန်းဝင်ခ ကောက်ခံခြင်းလုပ်ငန်းများ - ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ
ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန မြို့တော်ခန်းမ၊ ဒုတိယထပ်

ပွဲရုံစခန်းများရှိလုပ်ငန်းများ - ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ (၇) လွှာ၊ ၁၂ထပ်ခွဲရုံး၊ (၄၆)လမ်း၊ ဗိုလ်တထောင်မြို့နယ်

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၃-၁-၂၀၂၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီ

၅။ တင်ဒါစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန ဈေးယာဉ် / သန့်စင်ခန်းဝင်ခကောက်ခံခြင်းလုပ်ငန်းများအတွက် ဖုန်း- ၀၁-၈၃၇၆၇၀၈၊ ၀၁-၈၃၇၇၈၉၀ သို့လည်းကောင်း၊ ပွဲရုံစခန်းများရှိ လုပ်ငန်းများအတွက် ဖုန်း-၀၉-၄၂၀၁၄၄၁၁၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်သမဝါယမအသင်းစုလီမိတက် တတိယအကြိမ် အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

ရပ်စောက်မြို့၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ ပိုင်ဆိုင်သော ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်ရှိ နယ်မြေ(၂)၊ ကွင်းအမှတ်(၁၅)၊ ဟိုပင်ရွာမကွင်း၊ ဦးပိုင်အမှတ်(၂၅၉)မှ အကျယ်အဝန်း(၆ဒသမ၃)ဧကအား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံလျှောက်လွှာစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(၁) **လေလံလျှောက်လွှာရောင်းချမည့်နေ့ရက်** - (၂၉-၁၂-၂၀၂၃) မှ (၃-၁-၂၀၂၄) အထိ

(၂) **လေလံလျှောက်လွှာပိတ်သိမ်းမည့်နေ့ရက်** - (၃-၁-၂၀၂၄) ရက်(၁၆:၀၀)နာရီ

(၃) **လေလံတင်ရောင်းချမည့်နေ့ရက်/အချိန်** - (၅-၁-၂၀၂၄)ရက် နံနက်(၁၀:၀၀)နာရီ

(၄) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၊ ဦးဥတ္တမလမ်း၊ မြို့မဈေးအရှေ့ဘက်၊ဈေးတန်းရပ်ကွက်၊ ရပ်စောက်မြို့

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း-၀၈၁-၂၂၀၄၀၈၈၊၂၂၀၄၀၈၉၊ ၀၉-၇၇၂၁၉၅၀၂၉၊ ၀၉-၄၂၈၃၄၈၅၀၇

မြို့နယ်သမဝါယမအသင်းစုလီမိတက်
ရပ်စောက်မြို့

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ.၃၃၊ ဦးပိုင်အမှတ် (၆၇)၊ ၅၅x၅၆ လမ်း၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းအေးအေး၏ (S.P ရရှိသူ ဦးလှိုဟုတ်စိမ်း(ခ) ဦးဟုတ်စိမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၉၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ဆုံကော့ ၁၃/လရန(နိုင်) ၁၃၈၅၈၉က အမှုတွဲအမှတ် ၆၃၂၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်ပင်နည်းလာတို့ ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

2024 Yangon New Year Countdown ပွဲတော်အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့ ညနေ (၁၈:၀၀) နာရီမှစတင်၍ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပွဲတော်တွင် နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာဖြင့် ဖျော်ဖြေတင်ဆက်ပြီး မီးရှူးမီးပန်းပစ်ဖောက်ခြင်းများအပါအဝင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဌေးလွင် ၆/မအရ(နိုင်)၀၃၉၈၂၆ ၏ ပွဲနင်းမှူးလက်မှတ်အမှတ် Permit No.2071/16 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၂၅၄၅၉၇၃၅၅

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဌေးလွင် ၆/မအရ(နိုင်)၀၃၉၈၂၆ ပိုင်ဆိုင်သည့် ကျော်အောင်ဌေး FMD/0054/15 အမည်ရှိ ကမ်းနီးငါးဖမ်းလှေ၏ ဂရန်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၂၅၄၅၉၇၃၅၅

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

ပတ်စ်ပို့ပျောက်

မိတ္ထီလာမြို့၊ အရှေ့ပြင်ဈေးရပ်ကွက်၊ အရှေ့ပြင်နယ်မြေနေ ဦးသိန်းထွန်းအောင်၏သမီး မဖြိုးသူဇာ ၉/မထလ(နိုင်)၁၉၉၀၈၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် MG-382233 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၂၂၀၀၁၉၄

ပတ်စ်ပို့ပျောက်

ကျွန်မFEROZA ၁/မကန(ညွှေ့)၀၀၁၃၅၁၏ ပတ်စ်ပို့နံပါတ် (MF-492387) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၄၃၈၁၂၂

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၃၊ ဦးပိုင်အမှတ် (၆၈)၊ ၅၅x၅၆ လမ်း၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းအေးအေး၏ (S.P ရရှိသူ ဦးလှိုဟုတ်စိမ်း(ခ) ဦးဟုတ်စိမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၉၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ဆုံကော့ ၁၃/လရန(နိုင်)၁၃၈၅၈၉က အမှုတွဲအမှတ် ၆၃၂၄/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း

ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ အကွက်အမှတ် ၁၃၊ အကွက်အမည်-ပန်းလှိုင်ကျုံးရိုး၊ ဦးပိုင်အမှတ် ၈၃ᵒ ၈၄ᵒ၊ မြေအကွက်အမှတ်(-)၊ ဧရိယာ ၀.၀၂၂ ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည် (က)အရှေ့လားသော်-ဦးပိုင်အမှတ် ၈၃ᵇ၊ ၈၅၊ (ခ)အနောက်လားသော်-ကုန်းပေါ်တန်းလမ်း၊ (ဂ) တောင်လားသော်-ဦးပိုင်အမှတ် ၈၄ᵏ၊ (ဃ) မြောက်လားသော်-ဦးပိုင်အမှတ် ၈၂ᵇ၊ အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးဇော်မင်းထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ပဲခူးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၅၈၈-ခ၊ ဦးပိုင်အမှတ် (၁-ဃ/ ၁၃+၁-ဃ/၅-က+၁-ဃ/၇-က+၁-ဃ/၉-ခ+၁-ဃ/၉-ဃ+၁.ဃ/၉-င/၁)၊ ၆၇ လမ်း၊ D လမ်းနှင့် ရွာလယ် လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်စိုက်ရှင်၏ (S.P ရရှိသူ ဦးအောင်ကျော်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမိုဟာမက်ဟာနစ် ၁၃/သပန(ပြု)၀၀၀၀၁၆က အမှုတွဲအမှတ် ၆၃၃၁/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၃၊ ဦးပိုင်အမှတ် (၆၆)၊ ၅၅x၅၆ လမ်း၊ ၄၁x၄၂လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းအေးအေး၏ (S.P ရရှိသူ ဦးလှိုဟုတ်စိမ်း(ခ) ဦးဟုတ်စိမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၉၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ဆုံကော့ ၁၃/လရန(နိုင်)၁၃၈၅၈၉က အမှုတွဲအမှတ် (၆၃၂၆/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဋ္ဌဏမဟီရပ်ကွက်၊ အကွက်အမှတ် (၆၃၄)၊ ဦးပိုင်အမှတ် (၅၃)၊ ၇၆လမ်း၊ ၃၃x၃၄ လမ်းကြားရှိ ဒေါ်ရင်မြိုင်အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးဘအေး (မိခင်) ဒေါ်ရင်မြိုင် (သမီး) ဒေါ်ဝင်းကြည်တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၇၇၈/၂၀၁၃)ဖြင့် အမွေဆက်ခံခဲ့သော (သား) ဦးလှထွန်း(သားမက်) ဦးဝင်းတင်တို့ (၂)ဦးအနက်၊ ခင်ပွန်းဖြစ်သူ ဦးလှထွန်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၄၁၇/၂၀၂၂)ဖြင့် (ဇနီး)ဖြစ်သူ ဒေါ်မြင့်ထွေးနှင့် (ပူးတွဲအမွေဆက်ခံသူ) ဦးဝင်းတင်တို့က အမွေဆက်ခံခဲ့ပါသည်။ အမွေဆက်ခံသူ (၂)ဦးအနက်၊ ဒေါ်မြင့်ထွေးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၈၉/၂၀၂၃) ဖြင့် စွန့်လွှတ်ခြင်း လက်ခံသူ ဦးဝင်းတင်ထံမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၂၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန္ဒာအေး ၉/ခအဇ(နိုင်)၀၁၇၄၅၄၏ (GP ရသူ ဦးမြင့်အောင်)က အမှုတွဲအမှတ် ၆၂၈၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ အမှတ် (၃၈၇)တွင်နေထိုင်သူ ဦးဟန်မျိုးအောင် (၁၂/ကမရ(နိုင်)၀၅၁၂၀၈)သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကိုသုံးစွဲသူဖြစ်ကြောင်း ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည်ကို အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-



စာချုပ်အမှတ် (၄/၁၀၉၁၁/၂၀၂၃)

အထက်ဖော်ပြပါ **"ဖြူဖြူစင်စင် ၁၀၀% မြေပဲဆီစစ်စစ်"** အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မြေပဲဆီ ဘူးဆိုဒ်အမျိုးမျိုးတွင် ကပ်နှိပ်၊ ရိုက်နှိပ်၊ တွယ်ကပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

